မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂၆ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် ( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၇**
၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး ကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

အမှတ် ၂၈ ။ ။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဒေါ်ထွေးထွေး (တ/၁၉၅၈) အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဒေါ်ထွေးထွေး အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

အမှတ် ၂၉ ။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးညွန့်ရွှေ (တ/၂၂၁၂) အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဦးညွန့်ရွှေ အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

အမှတ် ၃၀ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးမျိုးသန့် (တ/၁၈၄၈) အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဦးမျိုးသန့် အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

အမှတ် ၃၁ ။ ။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးမြင့်ဦး (တ/၂၂၉၄) အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဦးမြင့်ဦး အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

အမှတ် ၄၁ ။ ။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်မြင့်ထွေး (တ/၂၁၂၃) အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဒေါ်မြင့်ထွေး အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၆**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်)

**ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ရွေးကောက်ပွဲခုံရုံးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဦးစိုးကျော်ဦး အား မိသားစုကိုယ်ရေးကိုယ်တာအခက်အခဲ များကြောင့် နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏လျှောက်ထားချက်နှင့် တာဝန်ရှိသူ အဆင့်ဆင့်၏ ထောက်ခံ တင်ပြချက်အရ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှ စ၍ ဆန္ဒအလျောက် ရာထူးတာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၂၄/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

**လက်ထောက်ညွှန်ကြားရေးမှူး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလွင် အား ကိုယ်ရေးကိုယ်တာ အခက်အခဲများကြောင့်

နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏လျှောက်ထားချက်နှင့် ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်အရ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ညနေပိုင်းမှစ၍ ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

### လက်ထောက်ညွှန်ကြားရေးမှူး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း အား ကိုယ်ရေးကိုယ်တာ အခက်အခဲများကြောင့် နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ လျှောက်ထားချက်နှင့် ဧရာဝတီတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်အရ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေပိုင်းမှစ၍ ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၄ / ၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

### လက်ထောက်ညွှန်ကြားရေးမှူး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုအောင် အား ကိုယ်ရေးကိုယ်တာ အခက်အခဲများကြောင့် နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏ လျှောက်ထားချက်နှင့် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံတင်ပြချက်အရ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ညနေပိုင်းမှစ၍ ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ရွေးကောက်ပွဲခုံအဖွဲ့ (၁)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၁၇ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှတ် - ၅**

**ဦးစံရွှေ**
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း
ရှမ်းပြည်နယ်၊ ပြည်ခိုင်ဖြိုးပါတီ လျှောက်ထားသူ
ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်မြေအမှတ် (၁)။

**နှင့်**

**ဦးခင်မောင်ဝင်း**
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း
ရှမ်းပြည်နယ်၊ NLD ပါတီ လျှောက်ထားခံရသူ
ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်မြေအမှတ် (၁)။

**ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈ (ခ) နှင့် နည်းဥပဒေ (၈၇) အရ ကန့်ကွက်လွှာတင်ပြခြင်း**

၁။ ၂၀၁၇-ညောင်ရွှေမြို့နယ်၊ အမှတ် (၁) မဲဆန္ဒနယ်မြေ လစ်လပ်ကိုယ်စားလှယ်လောင်းနေရာတွင် ယခု ကန့်ကွက်လွှာလျှောက်ထားသူ ကျွန်တော် ဦးစံရွှေ ပြည်ခိုင်ဖြိုးပါတီကိုယ်စားပြုနှင့် NLD ပါတီမှ ကန့်ကွက်လျှောက်ထားခြင်းခံရသူ ဦးခင်မောင်ဝင်းတို့သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်အရွေးခံကြပါသည်။

၂။ ယင်းသို့ ယှဉ်ပြိုင်ရာတွင် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ကြေညာချက်အရ NLD ပါတီကိုယ်စားပြု ဦးခင်မောင်ဝင်းမှ မဲအများဆုံးရရှိသူဖြစ်ပါ၍ ရွေးကောက်တင်မြှောက်ခြင်းခံရသူဖြစ်ကြောင်း ကြေညာခြင်းအပေါ် ကန့်ကွက်တင်ပြအပ်ပါသည်။

ဦးခင်မောင်ဝင်း မဲရရှိခြင်းသည် ပြည်နယ်ဥပဒေပါပြစ်မှုများနှင့် တရားဥပဒေမဲ့ပြုကျင့်မှုများစွာ ကျူးလွန်ပြီး မသမာသောမဲများဖြင့် အသာရခြင်းသာဖြစ်ပြီး တရားဥပဒေနှင့်အညီ ခိုင်မာသောမဲရရှိသူမှာ ကျွန်တော်ဦးစံရွှေ (ပြည်ခိုင်ဖြိုးပါတီကိုယ်စားပြု) သာလျှင် ကော်မရှင်၏စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း ဥပဒေများကို တစ်သဝေမတိမ်းလိုက်နာကာ တစ်စုံတစ်ရာ ဥပဒေငြိစွန်းခြင်းမရှိဘဲ ရိုးသားဖြောင့်မှန်စွာ ပြိုင်ပွဲဝင်ပြီး ရိုးသားစွာရရှိသောမဲများဖြစ်ခြင်းကြောင့် လစ်လပ်နေရာဖြစ်သော ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် အမှတ် (၁) နယ်မြေကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် ဖော်ပြပါဖြစ်စဉ်များအရ ကန့်ကွက်လွှာကို တင်သွင်းလျှောက်ထားအပ်ပါသည်။

**ကန့်ကွက်ချက်အဆိုပြုတင်ပြချက်များ**

**ကန့်ကွက်ချက်အဆိုအမှတ် (၁)**

၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၊ ညနေပိုင်း (၃း၃၀) နာရီခန့်တွင် NLD ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့်အဖွဲ့သည် မဲဆွယ်စည်းရုံးရေးကာလဖြစ်၍ သလဲဦးအင်းရွာ၊ ဘုန်းတော်ကြီးကျောင်း၌ မဲဆွယ်စည်းရုံးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့၊ အင်္ဂါနေ့ ညနေပိုင်း (၆း၁၉) နာရီ၌ NLD ပါတီမှ ညောင်ရွှေ မြို့နယ်၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးဖြစ်သူ ဒေါက်တာဦးထွန်းလှိုင်နှင့်အဖွဲ့သည် သလဲဦးကုန်းသာရွာ လှေဆိပ်နှင့် သလဲဦးအင်းဘုန်းတော်ကြီးကျောင်းဆက်သွယ်လမ်းပြုပြင်ရန် ၅၀,၀၀,၀၀၀/- (သိန်းငါးဆယ် တိတိ) ကို ပေးအပ်လှူဒါန်းရာ ရွာလူကြီး ဦးသန်းဌေး၊ ရပ်/ကျေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ရာအိမ်မှူး ဦးအောင်ဝင်း တို့ပါဝင်သော ပုဂ္ဂိုလ်များ လက်ခံရယူသည်ကို သက်သေအဖြစ် Facebook လိုင်းပေါ်တွင် ဂျင်ခန့်၏မှတ်တမ်း၊ ယင်းဖြစ်စဉ်အသေးစိတ်ကို အုပ်စုနယ်မြေတာဝန်ခံ ပြည်ခိုင်ဖြိုးပါတီ ကော်မတီဝင် ဦးစံဝင်း၏ တင်ပြစာနှင့်အတူ ပူးတွဲတင်ပြပါသည်။

ယင်းဖြစ်စဉ်သည် ကိုယ်စားလှယ်လောင်းဖြစ်သူ ဦးခင်မောင်ဝင်းမှ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ တွင် ယင်းဘုန်းကြီးကျောင်း၌ ကွင်းဆင်းစည်းရုံးဟောပြောပြီးနောက် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာဦးထွန်းလှိုင် ကိုယ်တိုင်လာရောက်၍ ငွေသိန်းငါးဆယ်ပေးအပ် ခြင်းသည် NLD ကိုယ်စားလှယ် ဦးခင်မောင်ဝင်းအတွက် ဝန်ကြီးကိုယ်တိုင် ငွေပေးမဲဆွယ်စည်းရုံးပေးခြင်းသာ ဖြစ်သည်ဟု ယုံကြည်ထားပါ၍ ဥပဒေအရ ငြိစွန်းနေပါသဖြင့် တရားမဲ့ပြုကျင့်မှုအပေါ် အရေးယူဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။

**ကန့်ကွက်ချက်အဆိုအမှတ် (၂)**

ညောင်ရွှေမြို့နယ်၊ မင်းချောင်းကျေးရွာအုပ်စု၊ မဲရုံ (၅) ရုံရှိရာ မဲရုံများမှာ -

(က) နွားမေရွာ မဲရုံ

(ခ) ဘုရားဖြူရွာ မဲရုံ

(ဂ) ရေသာရွာ မဲရုံ

(ဃ) မင်းချောင်းရှေ့ရွာ မဲရုံ

(င) အ. ထ. က ကြေးစားကုန်းရွာ မဲရုံတို့ပါဝင်ပြီး ယင်း (၅) ရုံအတွင်း မဲဆန္ဒရှင်ပေါင်း (၆၄၀၀) ဦးကျော် ရှိပါသည်။ မဲပေးသူဦးရေမှာ (၅) ရုံပေါင်း (၂၂၃၁) ဦးသာ ရှိပါသည်။

ဖြစ်စဉ်မှာ (အ. ထ. က ကြေးစား) မဲရုံ၌ မဲပေးခွင့် (၁၄၃၆) ဦးရှိရာ (၃၅၆) ဦးသာ မဲလာပေးပါသည်။ မဲပေးပိုင်ခွင့်ရှိသူ ဦးရေတစ်ထောင်ကျော်မဲလာရောက်မပေးကြပါ။ အကြောင်းမှာ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ည (၈း၀၀) နာရီနှင့် (၉း၀၀) နာရီအချိန်အတွင်း ကြေးစားမြောက်ရွာနေ NLD စည်းရုံးရေးမှူးများ ဖြစ်ကြသော ဦးချစ်လွန်း၊ ဦးတင်ဖေ တို့နှစ်ဦးမှ အသံချဲ့စက်ဖြင့် ဆော်ဩသည်မှာ အင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဒေါက်တာဦးထွန်းလှိုင်ကိုယ်တိုင် ကြေးစားမြောက်ရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသာအောင်ထံသို့ သောက်သုံးရေတွင်းတူးဖော်ရန်အတွက် ငွေ ၃၅,၀၀,၀၀၀/- (သုံးဆယ့်ငါးသိန်း) လာရောက်လှူဒါန်းပေးမည့် အကြောင်း ဖုန်းဖြင့်ဆက်သွယ်လာပြီးဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ညနေ (၀၄း၀၀) နာရီ၌ ရွာလူကြီးနေအိမ်သို့ လာရောက်အစည်းအဝေးတက်ကြပါရန် ဘေးရွာများအားလုံးကြားသိအောင် အသံချဲ့စက် ဖြင့်ဆော်ဩ၍ လူစုပေးပြီးပြုလုပ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့သည် စည်းရုံးရေးကာလ ကျော်လွန်သွားပြီး ကိုယ်စားလှယ်ဦးခင်မောင်ဝင်း အနိုင်မဲရရေးအတွက် ငွေပေးစည်းရုံးခဲ့ခြင်းဖြစ်ပြီး သောက်ရေတွင်းလည်း ၎င်းတို့ပေးအပ်ငွေဖြင့် တူးဖော်နေပြီဖြစ်ပါသည်။

ယင်းဖြစ်စဉ်အပြင် စည်းရုံးရေးကာလအတွင်း လင်းကင်းအုပ်စုနှင့်မင်းချောင်းအုပ်စုဆိုရာ ချောင်းဖြတ်ကူးတံတားတည်ဆောက်ရန် အင်းလေး Project Fund ရန်ပုံငွေအတွက် Trust Fund နိုင်ငံခြားသားများထံမှ ကောက်ခံရရှိသောရန်ပုံငွေကို အင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ဆောက်လုပ်လှူဒါန်းပါသည်ဟု ဆိုင်းဘုတ်ချိတ်တင်ထားရာ မလိမ့်တပတ်ဖြင့် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း အတွက် မဲဆွယ်စည်းရုံးပေးခြင်းဖြစ်၍ ရွေးကောက်ပွဲဥပဒေပြစ်မှုဆိုင်ရာ ငြိစွန်းနေပါသဖြင့် ကန့်ကွက်လွှာအဆိုအမှတ် (၂) အဖြစ် တင်ပြအပ်ပါသည်။

ယင်းကန့်ကွက်လွှာပါဖြစ်စဉ်၌ပင် ကြေးစားအထက်ရွာနေ ဦးလှမောင် NLD စည်းမျုံးမှုလည်း ယခုကြားဖြတ်ရွေးကောက်ပွဲသည် အစိုးရသစ်ဖွဲ့စည်းရန်မဟုတ်ဘဲ အစားထိုးရွေးချယ်ခြင်းသာဖြစ်၍ မဲသွားမပေးလည်းရပါသည်၊ လက်ရှိ မိမိတို့ပါတီသာအစိုးရဖြစ်နေပြီမို့ မဲသွားရောက်မပေးရေးတရားများ နီးစပ်ရာဟောပြောမှုကြောင့်လည်း မဲမပေးသူဦးရေ (၄၀၀၀) ကျော်နေသည့်ဖြစ်စဉ်သည်လည်း ဥပဒေအရငြိစွန်းနေပါသဖြင့် တင်ပြအပ်ပါသည်။ အချုပ်မှာ အခြားပါတီဝင်များ မဲသွားရောက်မပေးရေးနှင့် NLD ပါတီဝင်များသာ မဲသွားပေးရေး ရည်ရွယ်ချက်ရှိရှိဖြင့် ဆော်သြခြင်းပင်ဖြစ်ပါသည်။

(ဦးကျော်သန်း၊ ပြည်ခိုင်ဖြိုးပါတီကော်မတီဝင်၊ နယ်မြေတာဝန်ခံ၏တင်ပြချက်)

**ကန့်ကွက်လွှာအဆိုအမှတ် (၃)**

တောင်ပို့ကြီးအုပ်စု၌ မဲရုံ (၄) ရုံ ပါဝင်ပါသည်။

(က) (အ. မ. က ပေါင်းပိုင်း) မဲရုံ

(ခ) (အ. မ. က တောင်ပို့ကြီး) မဲရုံ

(ဂ) (အ. မ. က ညောင်ဝန်း) မဲရုံ

(ဃ) (အ. မ. က လွယ်ငြိမ့်) မဲရုံ တို့ဖြစ်ပါသည်။

ကျွန်တော် ဦးစံရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ပိုင်း၌ တောင်ပို့ကြီးအုပ်စုသို့ ကွင်းဆင်းဟောပြောမှုပြုလုပ်ရာ ဦးသန်းအေးနေအိမ်၌ မဲဆွယ်စည်းရုံးဟောပြောရာ ဆရာမများနေအိမ်အတွက် ဘိလပ်မြေအိတ် (၁၀၀) လှူဒါန်းပေးရန် တောင်းဆိုမှုရှိခဲ့ပါသည်။ စည်းရုံးရေးကာလဖြစ်၍ ပစ္စည်းပေး၍မရကြောင်း၊ ကျွန်တော်မှပြောဆိုခဲ့ရာ ရွေးကောက်ပွဲပြီးမှသာ မိမိထံလာအလှူခံပါမည်ဟု လူငယ်ခေါင်းဆောင်မှ ပြောဆိုခဲ့ပါသည်။

ကျွန်တော်မှ ကွင်းဆင်းပြီးနောက် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဒေါက်တာဦးထွန်းလှိုင်၊ ဦးနေမျိုး၊ ဆရာဦးသန်းအောင်၊ ဦးအုန်းဖေ (၄) ဦးတို့မှ ဆရာမနေအိမ်ဆောက်လုပ်ရန် ငွေ ၂၅,၀၀,၀၀၀/- (နှစ်ဆယ့်ငါးသိန်း) ကို စာသင်ကျောင်း၌ လာရောက်လှူဒါန်းသွားရာ မိမိတို့ပါတီမှ စည်းမျုံး ဦးရန်နောင်စိုးကြားသိသဖြင့် နယ်မြေတာဝန်ခံစည်းမျုံးဦးသန်းအေးသို့ အချိန်မီပြောကြားသဖြင့် ဦးသန်းအေးမှ စာသင်ကျောင်းသို့လိုက်သွားရာ ငွေကျပ် (၂၅) သိန်းအား ဆရာမကြီးစားပွဲပေါ်၌ပုံလျက်တွေ့ရသဖြင့် ယင်းနေ့မှာပင် ညောင်ရွှေမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးသို့ ဦးသန်းအေးကိုယ်တိုင် ၎င်းတို့အုပ်စုအနေဖြင့် မဲရရှိနိုင်မှု အခြေအနေပြောင်းလဲသွားနိုင်ကြောင်းနှင့် မိမိရွာကျောင်းအတွက် ငွေလာလှူခြင်းဖြစ်၍မိမိအနေဖြင့် ကန့်ကွက်၍မရပါကြောင်း၊ ပြည်ခိုင်ဖြိုးပါတီရုံး လူများစွာရှိသည့်အချိန်တွင် လာရောက်တင်ပြခြင်းဖြစ်၍ စည်းရုံးရေးကာလ၌ ရွာ၏လိုအပ်ချက်ဖြစ်သော ဆရာမများနေအိမ်ဆောက်လုပ်ရန် ငွေပေးလှူဒါန်းခြင်းသည် ဦးခင်မောင်ဝင်း မဲရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်၍ ရွေးကောက်ပွဲဥပဒေနှင့်ငြိစွန်းနေပါသဖြင့် အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ထို့ပြင် ယင်းအုပ်စု၌ပင် မဲရုံရှိသော ပေါင်းပိန်းရွာ သောက်သုံးရေအတွက် စက်ရေတွင်းတူးရန် ငွေသိန်း ၅၀,၀၀,၀၀၀/- (ငါးဆယ်သိန်း) လှူဒါန်းခဲ့ပါကြောင်း ရွာခံ ဦးဇော်နှင့် ဦးကျော်အေးတို့၏ ပြောပြချက်အရ သိရှိရပြီး ယင်းငွေကို NLD စည်းမျုံး ဦးလင်းအောင်မှ လက်ခံခြင်းဖြစ်ပြီး ပေါင်းပိန်းရွာမဲရုံအတွက် ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မဲရရှိရေး ငွေပေးစည်းရုံးပေးခြင်းသာဖြစ်ပါ၍ ဥပဒေအရ ငြိစွန်းနေပါသဖြင့် အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**ကန့်ကွက်လွှာအဆိုအမှတ် (၄)**

ရွာသာအုပ်စု၌ ရွာပေါင်း (၁၁) ရွာ ရှိပြီး မဲရုံ (၃) ရုံ ရှိပါသည်။

(က) ကံလှရွာ မဲရုံ

(ခ) ရွှေနီကုန်း မဲရုံ

(ဂ) ကြေးကိုင်ရွာ မဲရုံတို့ပါဝင်ပါသည်။

ဖြစ်စဉ်မှာ ကျွန်တော်ဦးစံရွှေ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ မဲဆွယ်စည်းရုံးရေးကာလအတွင်း ရွှေနီကုန်းရွာ ရွာလူကြီး ဦးစံလင်းနေအိမ်၊ ကုနုရွာ ရွာလူကြီး ဦးသန်းမောင်နေအိမ်၊ ရေပါယ်ရွာ ဦးထွန်းလှိုင် နေအိမ်၊ ရေပါယ်ထက်ရွာ ဦးဖေနေအိမ်တို့၌ မဲဆွယ်စည်းရုံးကွင်းဆင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ကျွန်တော်တို့ နည်းတူ NLD ပါတီမှလည်း ၎င်းရွာများတွင် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့ကြပါသည်။

သို့သော်လည်း ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ညနေ (၀၆း၀၀) နာရီတွင် ဒေါက်တာဦးထွန်းလှိုင်နှင့်အဖွဲ့မှ NLD စည်းမျူးဖြစ်သူ ဦးချိန်နေအိမ်တွင် ရွှေနီကုန်းရွာနှင့် လမ်းမသို့ဖြတ်ကူးသည့်တံတား ပြုပြင်ရန်အတွက် ငွေ ၂၆,၀၀,၀၀၀ိ/- (နှစ်ဆယ့်ခြောက်သိန်း) ပေးအပ်ရာ ရွာလူကြီး ဦးစံလင်းကိုယ်တိုင် ပါဝင်လက်ခံယူပြီး ဦးစံလင်းမှ ဦးစိန်မြင့်အားပြောဆိုရာတွင် ပြည်ခိုင်ဖြိုးပါတီကို ထောက်ခံသော်လည်း NLD ပါတီမှ ရွာအတွက်လှူဒါန်းခြင်းဖြစ်၍ ငွေလက်ခံရမည်ဖြစ်ကြောင်းပြောဆိုချက်အရ ယင်းသို့ စည်းရုံးရေးကာလ၌ တံတားပြုပြင်ရန်အမည်တပ်၍ ငွေပေးခြင်းသည် NLD ကိုယ်စားလှယ်လောင်းအတွက် မဲရရှိရေး ငွေဖြင့် စည်းရုံးပေးခြင်းဖြစ်ပါ၍ ရွေးကောက်ပွဲဥပဒေနှင့်ငြိစွန်းနေပါသဖြင့် ကန့်ကွက်လွှာတင်သွင်းအပ်ပါသည်။

## ကန့်ကွက်လွှာအဆိုအမှတ် (၅)

ငါးဖယ်ချောင်းကျေးရွာအုပ်စုသည် ရွာပေါင်း (၈) ရွာပါဝင်ပြီး မဲရုံ (၃) ရုံ ပါဝင်ပါသည်။

ဖြစ်စဉ်မှာ ငါးဖယ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ လယ်သစ်တောင်ရွာနှင့်လယ်သစ်အောက်ရွာ ဆက်သွယ်သည့်ရွာချင်းဆက်ရေလမ်းကြောင်းရှိပါသည်။ ၎င်းရေလမ်းကြောင်းအား လွန်ခဲ့သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် လယ်သစ်တောင်ရွာဘေးရှိ လမ်းအပိုင်းအားလည်းကောင်း၊ လွန်ခဲ့သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်မှ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်ထိ လယ်သစ်အောက်ရွာရှိ လမ်းအပိုင်းအား လည်းကောင်း၊ NLD ပါတီဝင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာဦးထွန်းလှိုင်မှဦးဆောင်၍ ၎င်းပါတီဝင်များနှင့်အတူ ၎င်းတို့ပိုင်သော ဘက်ဟိုးစက်တစ်စီးဖြင့် တူးဖော်သန့်ရှင်းလုပ်ကွက်ပြုပြီး NLD ပါတီအားမဲပေးနိုင်ရေးအတွက် ပြောဆိုဆောင်ရွက်နေသည်ကို ဒေသခံရွာသူရွာသားများမှ မျက်မြင်တွေ့ရှိ တစ်ဆင့်ပြောကြားချက်များအား ကြားသိခဲ့ရပါသည်။

ဖော်ပြပါ ရွာချင်းဆက်ရေလမ်းအား တူးဖော်သန့်ရှင်းလုပ်ကွက်ပြုခြင်းသည် ယခင် ကြားဖြတ် ရွေးကောက်ပွဲမတိုင်မီ ရက်များတွင် ပြုလုပ်ဆောင်ရွက်ခြင်းမရှိဘဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ပြုလုပ်ခြင်းသည် NLD ကိုယ်စားလှယ်လောင်းအား မဲရရှိစေနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ခြင်းကြောင့် လည်းကောင်း၊ ၎င်းတို့ပိုင်သော ဘက်ဟိုးစက်ဖြင့် လိုသလိုအသုံးချခြင်းသည် မဲဆွယ်စည်းရုံးရေးပြုလုပ်ခြင်း ဖြစ်ပါသဖြင့် ကန့်ကွက်လွှာတင်သွင်းအပ်ပါသည်။

## ကန့်ကွက်လွှာအဆိုအမှတ် (၆)

ရွေးကောက်ပွဲနေ့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် NLD ပါတီဝင်များမှ ပါတီအမှတ်တံဆိပ် စတေကာများကိုအသုံးချ၍ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့သည့်ဓာတ်ပုံမှတ်တမ်းများအရ ကန့်ကွက်လွှာ တင်သွင်းအပ်ပါသည် -

(က) တိလောကျေးရွာအုပ်စု၊ ပေါ်ရိယာဒ်မဲရုံ၌ NLD ပါတီအမှတ်တံဆိပ်စတေကာတပ်ထားသော NLD ပါတီဝင်များသည် ၎င်းတို့၏ဆိုင်ကယ်ဖြင့် မဲရုံအတွင်းသို့ဝင်သည့် တံတားအလယ်ရောက်အောင် ဝင်လာပြီး မဲလာပေးသည်ကို တွေ့ရှိရသည်။ ၎င်းတွေ့ရှိချက်နှင့် မဲရုံမှူးကိုယ်တိုင်တွေ့ရှိချက်ကို တင်ပြအပ်ပါသည်။

(ခ) တိလောကျေးရွာအုပ်စု၊ ရေတွင်းကြီးမဲရုံတွင် နံနက် (၀၈း၄၀) နာရီအချိန်၌ မဲရုံအတွင်းတွင် ဆိုင်ကယ် နံပါတ် (၂၅ ယ-၃၃၂၃၅) နှင့် (၅၁ ယ-၇၀၆၆၆) နှစ်စီးအားစီး၍ မဲလာပေးခြင်းကို သက်သေထား၍ တင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍

၁။ လျှောက်ထားသူ၏အဆိုပြုလွှာကို ရွေးကောက်ပွဲကော်မရှင်မှ လက်ခံခွင့်ပြုပေးပါရန်။

၂။ NLD ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) မဲဆန္ဒနယ်မြေ၌ ရွေးချယ်ခံ ဦးခင်မောင်ဝင်းသည် လက်ရှိရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး၏ လုပ်ပိုင်ခွင့်များကို တရားဥပဒေမဲ့ချိုးဖောက်ကာ မိမိမဲရရှိရေးအတွက် ငွေကြေးများဖြင့် လုပ်ငန်းများ အကြောင်းပြကာ အမှတ် (၁) မဲဆန္ဒနယ်မြေအတွင်းရှိ မဲပေးခွင့်ရှိသည့်ရွာများကိုရွေးချယ်၍ လုပ်ငန်း များအတွက် ငွေလှူဒါန်းပါသည်။ မဲအောင်နိုင်ရေးဆောင်ရွက်ပေးမှုများဖြစ်ပါ၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် အရွေးချယ်ခံရခြင်းသည် ဥပဒေအရပျက်ပြယ်ကြောင်း ဆုံးဖြတ်ပေးပါရန်။

၃။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကျွန်တော်ဦးစံရွှေသာလျှင် ဥပဒေနှင့်အညီ အရွေးချယ်ခံကာ သန့်ရှင်းသောမဲများရရှိသူဖြစ်ပါသဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်ကြောင်း ဆုံးဖြတ်ကြေညာပေးပါရန် လျှောက်ထားအပ်ပါသည်။

ဦးစံရွှေ
လျှောက်ထားသူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ရွေးကောက်ပွဲခုံအဖွဲ့ (၂)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၁၇ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှတ်-၆**

**ဒေါက်တာဝင်းမြင့်အောင်**
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း
မုံရွာမဲဆန္ဒနယ်　　　　လျှောက်ထားသူ
မုံရွာမြို့။

**နှင့်**

**ဦးညွန့်အောင်**
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
မုံရွာမဲဆန္ဒနယ်　　　　လျှောက်ထားခံရသူ
မုံရွာမြို့။

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၇/၆၈ အရတင်သွင်းသည့် ကန့်ကွက်လွှာ**

အထက်ပုံစံပါအမှုမှလျှောက်ထားသူက အောက်ပါအတိုင်း ကန့်ကွက်လွှာတင်သွင်းအပ်ပါသည်။

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြားဖြတ် ရွေးကောက်ပွဲ၌ မုံရွာမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် လျှောက်ထားသူ ဒေါက်တာဝင်းမြင့်အောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) နှင့် လျှောက်ထားခံရသူ ဦးညွန့်အောင်

(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) တို့အပါအဝင် အခြားကိုယ်စားလှယ်လောင်း (၃) ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲက လျှောက်ထားခံရသူ ဦးညွန့်အောင်အား မုံရွာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကြေညာချက် ၁/၂၀၁၇ ဖြင့် ကြေညာခဲ့ပါသည်။

၂။ လျှောက်ထားခံရသူ ဦးညွန့်အောင်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရရေးအတွက် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့က မုံရွာမြို့၊ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားရုံတွင် လျှောက်ထားခံရသူ ဦးညွန့်အောင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကကြီး ဦးတင်ဦးနှင့်အတူ အားကစားနှင့်ကာယပညာဦးစီးဌာန မုံရွာမြို့၊ တိုင်းအား/ကာမှူးထံမှ အကူအညီကိုရယူ၍ NLD ပါတီဝင်များ၊ ပြည်သူများနှင့်တွေ့ဆုံပွဲပြုလုပ်စည်းရုံးဟောပြောခဲ့ခြင်းသည် တရားမဲ့ပြုကျင့်မှု ပြုလုပ်ခြင်းဖြစ်ပါသည်။

၃။ လျှောက်ထားခံရသူ ဦးညွန့်အောင်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရရေးအတွက် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့က မုံရွာမြို့ တိုင်းဒေသကြီးလွှတ်တော်ခန်းမတွင် လျှောက်ထားခံရသူသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကကြီး ဦးတင်ဦးနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံမှ အကူအညီကိုရယူ၍ NLD ပါတီဝင်များအား စည်းရုံးဟောပြောခြင်းသည် တရားမဲ့ပြုကျင့်မှု ပြုလုပ်ခြင်းဖြစ်ပါသည်။

၄။ လျှောက်ထားသူ၏ ရွေးကောက်ပွဲကန့်ကွက်လွှာအပေါ် ပေးသွင်းရမည့်အမှုစရိတ်ငွေအတွက် ငွေကျပ် (၅) သိန်းကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ၁၅. ၅. ၂၀၁၇ နေ့စွဲပါ ချလန်အမှတ် (103) ဖြင့် ပေးသွင်းပြီးဖြစ်ပါသည်။

၅။ မုံရွာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးညွန့်အောင် ရရှိသောမဲများတွင် လျှောက်ထားခံရသူနှင့်အတူ NLD နာယကကြီး ဦးတင်ဦးတို့၏ တရားမဲ့ပြုကျင့်မှုများကြောင့်ရရှိသောမဲများမပါရှိပါက လျှောက်ထားသူ ဒေါက်တာဝင်းမြင့်အောင်သာ ခိုင်လုံမဲအများဆုံးရရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍

(က) လျှောက်ထားခံရသူ ဦးညွန့်အောင်အား မုံရွာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်းနှင့်

(ခ) လျှောက်ထားသူဒေါက်တာဝင်းမြင့်အောင်သာ ခိုင်လုံမဲအများဆုံးရရှိသူဖြစ်၍ ရွေးကောက်တင်မြှောက်ခြင်းခံရသော မုံရွာမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးပါရန် လျှောက်ထားအပ်ပါသည်။

ဒေါက်တာဝင်းမြင့်အောင်
လျှောက်ထားသူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

အမှတ် ၈၄၆/၂၀၁၆ ။ ။ တိုကျိုမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ဇင်ဝေဖြူ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၈၄၇/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီဂီအောင် အား မြန်မာသံရုံး၊ တိုကျိုမြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

အမှတ် ၂၄/၂၀၁၆ ။ ။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၅) ၏ သဘောတူညီချက်အရ ဂျကာတာမြို့၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင် အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ဒုတိယအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

အမှတ် ၂၈/၂၀၁၆ ။ ။ ဟန္နွိုင်းမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးအောင်ညဏ်လင်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၂၉/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဌာနစုမှူး (၁) ဒေါ်မြတ်မြင့်မိုရ် အား မြန်မာသံရုံး၊ ဟန္နွိုင်းမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

အမှတ် ၃၉/၂၀၁၆ ။ ။ ဆိုးလ်မြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးကျော်သူနိုင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၄၀/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စံရာရွှေကိုး အား မြန်မာသံရုံး၊ ဆိုးလ်မြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၄၃/၂၀၁၆ ။ ။ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးစံမြင့်ဦး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်)

အမှတ် ၉၈/၂၀၁၆ ။ ။ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးစိုးနွယ် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၃ ရက်)

အမှတ် ၉၉/၂၀၁၆ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၅၉/၁၀၅-ပြောင်းရွှေ့/အဖရ (၂၀၁၆) အရလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၂၉၇/ရအဖ/၁/၂၀၁၆ အရလည်းကောင်း၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ဆသန/၂-၀၁/၀၀၃ (၂၀၁၆/၁၃၆၃) အရလည်းကောင်း ဌာနပြောင်းရွှေ့တာဝန်ထမ်းဆောင် ခွင့်ပြုလိုက်သော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ လက်ထောက်

ညွှန်ကြားရေးမှူး ဦးစိုးသူဟိန်း အား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အဖြစ် ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ခန့်ထားလိုက်သည်။

အမှတ် ၁၀၀/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထက်အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၆) ကို ရည်ညွှန်းလျက် ဦးစိုးသူဟိန်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ စတင်တာဝန်ထမ်းဆောင်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၈ ရက်)

အမှတ် ၁၀၆/၂၀၁၆ ။ ။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၆ ဖြင့် တွဲဖက်ပေးလိုက်သော လေ ၁၉၁၇ ဗိုလ်မှူးချုပ်မောင်မောင်လင်း အား ဤဝန်ကြီးဌာနရှိ သံအမတ်ကြီး ရာထူးတစ်နေရာတွင် ၂၀၁၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ အစပြု၍ ခန့်ထားလိုက်သည်။

အမှတ် ၁၀၇/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထက်အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၆) ကို ရည်ညွှန်းလျက် ဗိုလ်မှူးချုပ်မောင်မောင်လင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ သံအမတ်ကြီး ရာထူးတစ်နေရာတွင် ၂၀၁၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ တာဝန်ထမ်းဆောင်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်)

အမှတ် ၁၁၉/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်စွဲပါ စာအမှတ်၊ ၁၁ ၂၁ ၀၁ (၅၇၈) ပါ ရုံးအမိန့်အမှတ်၊ ၅၉/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာတင် အား မြန်မာသံရုံး၊ တဲလ်အဗီးမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်ခြင်းအား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်)

အမှတ် ၁၂၀/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၁၁ ၂၁ ၀၁ (၄၉၅၂) ပါ ရုံးအမိန့်အမှတ်၊ ၅၈၈/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကို အား မြန်မာသံရုံး၊ အော်စလိုမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်ခြင်းအား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမှတ် ၁၂၁/၂၀၁၆ ။ ။ ကူမင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၂၂/၂၀၁၆ ။ ။ နန်နင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမြင့်ထွန်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၂၃/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးပိုင် အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့သို့ ကောင်စစ်ဝန်ချုပ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၂၄/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကို အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ နန်နင်းမြို့သို့ ကောင်စစ်ဝန်ချုပ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်)

အမှတ် ၁၂၅/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/သံမှူးများအား ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ညွှန်ကြားရေးမှူး/သံမှူးကြီးများအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန** |
|---|---|---|
| ၁။ | ဦးရဲမင်းသိမ်း | မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့ |
| ၂။ | ဦးသိန်းမင်းထွန်း | မြန်မာသံရုံး၊ ပါရီမြို့ |
| ၃။ | ဒေါ်နီလာအောင် | နိုင်ငံရေးရာဦးစီးဌာန |
| ၄။ | ဦးကျော်ညွန့်လွင် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၅။ | ဒေါ်မြတ်သူဇာသန်း | နိုင်ငံရေးရာဦးစီးဌာန |
| ၆။ | ဦးအောင်ကျော်မိုး | စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန |
| ၇။ | ဦးမြင့်စိုး | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၈။ | ဦးတင်ဇော် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၉။ | ဒေါ်အေးမြမှုန် | အာဆီယံရေးရာဦးစီးဌာန |

ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/ ၂၀၁၅) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးများအတွက် လစာနှုန်းထား (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အဖြစ်လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့စွဲပါ စာအမှတ်၊ ဘခ-၁/၂၉၅ (၅၀၄၄/၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သံမှူးကြီးများအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၅၃၀) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၂၆/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/ပထမအတွင်းဝန်များအား ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ဒုတိယညွှန်ကြားရေးမှူး/သံမှူးများအဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန** |
|---|---|---|
| ၁။ | ဒေါ်လှသီတာလင်း | အာဆီယံရေးရာဦးစီးဌာန |
| ၂။ | ဒေါ်အေးမြမြခိုင် | နိုင်ငံရေးရာဦးစီးဌာန |
| ၃။ | ဦးစန်းယုကျော် | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချင်းမိုင်မြို့ |
| ၄။ | ဒေါ်စုလေးညို | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန |
| ၅။ | ဒေါ်သိင်္ဂီအောင် | မြန်မာသံရုံး၊ တိုကျိုမြို့ |
| ၆။ | ဒေါ်သေန္တာ | မြန်မာသံရုံး၊ စင်ကာပူမြို့ |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| ၇။ | ဦးတင်ဝင်းအောင်မိုး | ဝန်ကြီးရုံး |
| ၈။ | ဦးဇော်နိုင်ဝင်း | ဝန်ကြီးရုံး |
| ၉။ | ဒေါ်ဝင်းစန္ဒာဆွေ | နိုင်ငံရေးရာဦးစီးဌာန |
| ၁၀။ | ဦးစိုးသူဟိန်း | ဝန်ကြီးရုံး |
| ၁၁။ | ဒေါ်ကေဇာသန်း | စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန |
| ၁၂။ | ဦးအိုးဝေမင်း | မြန်မာသံရုံး၊ ပါရီမြို့ |
| ၁၃။ | ဒေါ်ကေသွယ်ဝင်း | နိုင်ငံရေးရာဦးစီးဌာန |
| ၁၄။ | ဒေါ်ခိုင်ဆုလင်း | ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန |
| ၁၅။ | ဒေါ်ဇင်မာထွေး | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန |
| ၁၆။ | ဒေါ်ဖြိုးသူဇာအောင် | မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန |
| ၁၇။ | ဒေါ်စံရာရွှေကိုး | မြန်မာသံရုံး၊ ဆိုးလ်မြို့ |
| ၁၈။ | ဒေါ်စောစန္ဒီဇော် | နိုင်ငံရေးရာဦးစီးဌာန |
| ၁၉။ | ဒေါ်ဝင်းလဲ့ဖြူ | မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန |
| ၂၀။ | ဦးထင်လင်းမောင် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန |
| ၂၁။ | ဦးဟန်မြင့် | မြန်မာသံရုံး၊ ကိုလံဘိုမြို့ |
| ၂၂။ | ဒေါ်ငုဝါဆွေ | မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့ |

ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/ ၂၀၁၅) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဒုတိယညွှန်ကြားရေးမှူးများအတွက် လစာနှုန်းထား (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အဖြစ်လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့စွဲပါ စာအမှတ်၊ ဘခ-၁/၂၉၅ (၅၀၄၄/၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သံမှူးများအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၅၀၀) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၂၇/၂၀၁၆ ။ ။ နယူးယောက်မြို့၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးမှ ပထမအတွင်းဝန် ဒေါ်အိမွန်ဆွေ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၂၈/၂၀၁၆ ။ ။ ကင်ဘာရာမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ကြည်ကြည်သိန်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၂၉/၂၀၁၆ ။ ။ ကင်ဘာရာမြို့၊ မြန်မာသံရုံးမှ တတိယအတွင်းဝန် ဦးဝင်းမြင့် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၂) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၃၀/၂၀၁၆ ။ ။ အစ္စလာမာဘတ်မြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးသက်ဝင်း အား တဲလ်အဗီးမြို့၊ မြန်မာသံရုံးသို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၃၁/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူစိုး အား မြန်မာသံရုံး၊ အစ္စလာမာဘတ်မြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၃၂/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးမြမြခိုင် အား မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၃၃/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်သီရိမြင့်စိုး အား မြန်မာသံရုံး၊ ကင်ဘာရာမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်)

အမှတ် ၁၅၅/၂၀၁၆ ။ ။ ဝါရှင်တန်မြို့၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးမင်းသိမ်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၅၆/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးကိုကို အား မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

အမှတ် ၁၈၃/၂၀၁၆ ။ ။ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးမြင့်စိုး အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်။

အမှတ် ၁၈၄/၂၀၁၆ ။ ။ မြန်မာသံရုံး၊ ဗန်ကောက်မြို့မှ သံအမတ် ဦးအောင်ထူး အား အင်ဒိုနီးရှား သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်)

အမှတ် ၁၈၇/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမိုးကျော်အောင် အား မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့သို့ သံအမတ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၈၈/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုရှိန် အား မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့သို့ သံအမတ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၈၉/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်း အား မြန်မာသံရုံး၊ ဗန်ကောက်မြို့သို့ သံအမတ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၉၀/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စွာ အား ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ယင်းဦးစီးဌာန၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

အမှတ် ၁၉၁/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဖြိုးဝင်း အား ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှ အစပြု၍ ယင်းဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၁၉၂/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ထွန်းဦး အား ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ယင်းဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၁၉၄/၂၀၁၆ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျာလင်း အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၉၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁၃၄/၂၀၁၅) ဖြင့် နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် သတ်မှတ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ထောင်တလုတ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆၅)၊ မြေကွက်အမှတ် (၁၊ ၂) ရှိ **မြေဧရိယာ (၇. ၂၅) ဧက** အား လဂွန်းပြင်ရေသန့်စင်စက်ရုံရေယူ အဆောက်အအုံ (Intake Pumping Station) မြေအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံပါအတိုင်းဖြစ်ပြီး **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၆ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အမှတ် (၂) စစ်မြေပြင်ဆေးတပ်ရင်းမှ ကြည်း ၃၂၆၃၈ ဗိုလ်ကြီးအောင်ဝင်း အား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဒုတိယရဲမှူး လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၄၁/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၄ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ်(၃၃၁) ခြေမြန်တပ်ရင်းအတွက် အခမဲ့မြေလွှဲပြောင်းပေးခဲ့သော ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင် (ယခင်-မိုင်းဖြတ်ခရိုင်)၊ တာချီလိတ်မြို့နယ်၊ ဝမ်လုံကျေးရွာအုပ်စု (ယခင်-ဟောင်လိတ်ကျေးရွာအုပ်စု) ရှိ ကွင်းအမည်-ကွင်းပြင်၊ မြေဧရိယာ (၅၀၀. ၀၀) ဧကအနက် မြေဧရိယာ (၁၁. ၀၀) ဧကကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဆက်လက်အသုံးပြုရန်မရှိသဖြင့် ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ စာအမှတ်၊ ၅၇၂/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့သဖြင့် ကျန်ရှိ မြေဧရိယာ (၄၈၉. ၀၀) ဧကဖြင့် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

အမိန့်ပြင်ဆင်သတ်မှတ်လွှဲပြောင်းပေးသည့်မြေအား ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ မြေဧရိယာ (**၁၁. ၀၀**) ဧကကို နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၇/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဓာတုဗေဒစစ်ဆေးရေးဌာန၏ သက်သေခံပစ္စည်း လက်ခံစစ်ဆေးခြင်း၊ ထင်မြင်ချက်ပြန်ကြားခြင်း လုပ်ငန်းစဉ်များအား ဓာတ်ခွဲခန်းများတွင် သတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ရေးဗဟိုအဖွဲ့နှင့် ဒေသကြီးစိစစ်ကြပ်မတ်ရေးအဖွဲ့တို့အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **ကြီးကြပ်ရေးဗဟိုအဖွဲ့**

| | | |
|---|---|---|
| (၁) | ရဲဦးစီးအရာရှိချုပ် | ဥက္ကဋ္ဌ |
| (၂) | ရဲရေးချုပ် | အဖွဲ့ဝင် |
| (၃) | တပ်ဖွဲ့မှူး၊ မှုခင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | တပ်ဖွဲ့မှူး၊ သတင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၅) | တပ်ဖွဲ့မှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၆) | ဌာနမှူး (သိပ္ပံ/လေ့ကျင့်)၊ မှုခင်းရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၇) | ညွှန်ကြားရေးမှူး (မှုခင်း) | တွဲဖက်အတွင်းရေးမှူး |

(ခ) **ကြီးကြပ်ရေးဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များ**

(၁) စိစစ်ကြပ်မတ်ရေးအဖွဲ့တို့၏ အပတ်စဉ် လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ဆောင်ရွက်ခြင်း။

(၂) အားနည်းချက်၊ လိုအပ်ချက်များတွေ့ရှိပါက လိုအပ်သည့်မူဝါဒ၊ ညွှန်ကြားချက်များ ထုတ်ပြန်ကြပ်မတ်ဆောင်ရွက်ခြင်း။

(၃) ဓာတုဗေဒစစ်ဆေးရေးဌာနမှ လက်အောက်စစ်ဆေးရေးဌာနခွဲများ၏ အားနည်းချက်များ၊ လိုအပ်ချက်များ တင်ပြမှုအပေါ် စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် ဖြည့်ဆည်းကြပ်မတ်ပြုပြင်ဆောင်ရွက်ခြင်း။

(၄) လိုအပ်ပါက စစ်ဆေးကြပ်မတ်ရေးအဖွဲ့များအား အစည်းအဝေးခေါ်ယူတွေ့ဆုံညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးခြင်း။

(၅) ကြီးကြပ်ရေးဗဟိုအဖွဲ့မှ အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်း။

(ဂ) **ဒေသကြီးစိစစ်ကြပ်မတ်ရေးအဖွဲ့ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)**

| | | |
|---|---|---|
| (၁) | ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး (သက်ဆိုင်ရာတိုင်းဒေသကြီးရဲတပ်ဖွဲ့) | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) (သက်ဆိုင်ရာတိုင်းဒေသကြီးရဲတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၃) | တပ်ဖွဲ့ခွဲမှူး၊ သတင်းရဲတပ်ဖွဲ့ခွဲ (သက်ဆိုင်ရာဒေသ) | အဖွဲ့ဝင် |
| (၄) | တပ်ဖွဲ့ခွဲမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲ (သက်ဆိုင်ရာဒေသ) | အဖွဲ့ဝင် |
| (၅) | တပ်ဖွဲ့ခွဲမှူး၊ မှုခင်းရဲတပ်ဖွဲ့ခွဲ (သက်ဆိုင်ရာဒေသ) | အတွင်းရေးမှူး |
| (၆) | မှုခင်းမှတ်တမ်းတာဝန်ခံအရာရှိ (သက်ဆိုင်ရာတိုင်းဒေသကြီးရဲတပ်ဖွဲ့) | တွဲဖက်အတွင်းရေးမှူး |

(ဃ) **ဒေသကြီးစိစစ်ကြပ်မတ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ**

(၁) သက်သေခံပစ္စည်းနမူနာနှင့် တွဲလျက်ပါရှိသည့် ထင်မြင်ချက်တောင်းခံသည့် အမှာစာနှင့် သက်သေခံပစ္စည်းများ ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးမှုကို ကြပ်မတ်ဆောင်ရွက်ခြင်း။

(၂) မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အမှာစာနှင့် ဆီးနမူနာထည့်သည့်ပစ္စည်း သေချာ မှန်ကန်မှုရှိ/မရှိ စစ်ဆေးမှုကို ကြပ်မတ်ဆောင်ရွက်ခြင်း။

(၃) ပေးပို့သည့်အမှာစာနှင့် ထုပ်ပိုးသက်သေခံပစ္စည်းများအား သတ်မှတ်စည်းကမ်းချက်များ နှင့်အညီ စိစစ်ဆောင်ရွက်ပြီး မှတ်တမ်းရေးသွင်းမှုကို ကြပ်မတ်ဆောင်ရွက်ခြင်း။

(၄) သက်သေခံပစ္စည်းများအား ဓာတ်ခွဲခန်းဌာနစုသို့ ပေးပို့မှုကို ကြပ်မတ်ဆောင်ရွက်ခြင်း။

(၅) ဓာတ်ခွဲခန်းဌာန၏ စမ်းသပ်စစ်ဆေးမှုလုပ်ငန်းများမှာ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု ရှိ/မရှိ အခါအားလျော်စွာ စစ်ဆေးကြပ်မတ် ဆောင်ရွက်ခြင်း။

(၆) စိစစ်ကြပ်မတ်ရေးအဖွဲ့များမှ လုပ်ငန်းများအား စိစစ်ကြပ်မတ်ဆောင်ရွက်ရာတွင် အဂတိ ကင်းစင်ရေး၊ နှုတ်လုံခြုံမှုရှိစေရေးနှင့် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရေးတို့ကို အဓိက စိစစ်ကြပ်မတ်ဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာ (၂၅၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ အင်းပြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၇၅၄ᵃ/ ကင်မွန်းချုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၅) ရှိ **ဓမ္မသုခတောရဘုန်းတော်ကြီးကျောင်း** သာသနာမြေဧရိယာ (၂. ၅၃) ဧကအနက်မှ **(၀. ၀၂) ဧက**အား ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာ ဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးသန်းဇော်ဦး [၁၀/ပမန (နိုင်) ၀၁၃၆၅၅]** အား ဗုဒ္ဓသိမ်မြေဝရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၂၅၅/၂၀၁၆)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ **"အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း"** မြေအဖြစ် အသုံးပြုရန်အတွက် **စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**မှ အလိုရှိကြောင်း ကြေညာလိုက်သည် -

### မြေတည်ရှိရာဒေသ

| စဉ် | တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စုအမည် | ကွင်းအမှတ်/အမည် | ဦးပိုင်ပေါင်း | ဧရိယာ (ဧက) |
|---|---|---|---|---|---|---|
| ၁။ | မန္တလေး | စဉ့်ကိုင် | ကြက်လျှာ | ၁၀၃/ကြက်လျှာ | ၁၇ | ၉. ၇၅ |
| ၂။ | ။ | ။ | သင်တောင်ငယ် | ၁၀၆/မြင်းရင်ကန် | ၂၄ | ၈. ၄၃ |
| | | | | ၁၀၇/သင်တောင်ငယ် | ၁၄ | ၄. ၉၃ |
| ၃။ | ။ | ။ | ကံသစ် | ၁၀၈က/ကံသစ် | ၁ | ၀. ၇၆ |
| | | | | ၁၀၈ခ/ကံသစ်(အနောက်) | ၃၁ | ၉. ၈၅ |
| ၄။ | ။ | ။ | ကြက်မျှား | ၁၀၉/ကြက်မျှား | ၁၁ | ၂. ၉၃ |
| ၅။ | ။ | ။ | တောမ | ၁၁၀/တောမ(အနောက်) | ၅၉ | ၃၅. ၃၂ |
| | | | | ၁၁၁/ပင်းချား | ၁၃ | ၅. ၄၀ |
| | | | | ၁၁၂ခ/တောမ(မြောက်) | ၁၄ | ၄. ၇၄ |
| ၆။ | ။ | ။ | ဘယ်လင်း | ၁၁၄/ဘယ်လင်း(မြောက်) | ၂၅ | ၇. ၅၃ |
| ၇။ | ။ | ။ | မိုးကောင်း | ၅၂/ချောင်းပတ် | ၁၂ | ၄. ၅၃ |
| | | | | ၅၄/ရွာသာ | ၁၈ | ၆. ၃၆ |
| | | | | ၅၆ခ/မိုးကောင်း(မြောက်) | ၂၈ | ၁၁. ၇၃ |
| | | | | ၅၈/မိုးကောင်း(အနောက်) | ၉ | ၅. ၇၃ |
| ၈။ | ။ | ။ | မုံပင် | ၄၀ဃ/ဒေါင့်ကြီးကွေ့(တောင်) | ၁၀ | ၃. ၄၂ |
| | | | | ၅၀ခ/မုံပင် | ၂၇ | ၁၂. ၃၄ |
| ၉။ | ။ | ။ | ဒေါင့်ကြီးကွေ့ | ၃၉က/ညောင်ပင်သာ | ၁ | ၀. ၃၃ |
| | | | | ၃၉ခ/ညောင်ပင်သာ(တောင်) | ၁၆ | ၇. ၇၉ |
| | | | | ၄၀င/ဒေါင့်ကြီးကွေ့(တောင်) | ၁၁ | ၈. ၀၄ |
| | | | | ၄၃/ရွာဘို | ၁၂ | ၁၁. ၂၂ |
| ၁၀။ | ။ | ။ | မီးသွေးဘုတ် | ၄၄က/မြို့ကုန်း | ၁၁ | ၈. ၆၅ |
| | | | | ၄၅က/ကင်းတုံ | ၇ | ၄. ၁၉ |
| | | | | ၄၅ခ/ကင်းတုံ(တောင်) | ၁၁ | ၈. ၃၇ |
| | | | | ၄၅င/ကင်းတုံ(အရှေ့) | ၂၅ | ၁၆. ၄၁ |
| | | | | ၄၆ဃ/မီးသွေးဘုတ်(တောင်) | ၆ | ၆. ၀၁ |
| | | | | ၄၆စ/ပျော့ကန် | ၁၁ | ၉. ၃၅ |
| **စုစုပေါင်း** | | | **၁၀** | **၂၆ ကွင်း** | **၄၂၄** | **၂၁၄. ၁၁** |

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၃ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ်တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆောင်ရွက်ရန် ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့် အပ်နှင်းလိုက်သည်။

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၆ အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ **စွမ်းအင်ဝန်ကြီး ဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**မှ အလိုရှိကြောင်း ကြေညာလိုက်သည် -

**မြေအကြောင်းအရာဖော်ပြချက်**။ တိုင်းတာသတ်မှတ်သောမြေ၏ ကွင်းအမှတ်/အမည်၊ ဦးပိုင်အမှတ်၊ မြေဧရိယာနှင့် ပိုင်ရှင်အမည်များကို နောက်ဆက်တွဲဖြင့်ဖော်ပြအပ်ပါသည်။

**မှတ်ချက်**။ စာရင်းတွင် ဖော်ပြပါမြေကွက်များနှင့် ဧရိယာများသည် ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် အသုံးပြုသော မြေပုံများအရဖြစ်ပြီး အထက်ဖော်ပြပါမြေပုံကို ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

မြေသိမ်းအက်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (၁) အရနှင့် မြေသိမ်းအက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) နှင့် (၃) တို့တွင် ဖော်ပြထားသည့်အတိုင်း အမိန့်ကြော်ငြာစာ ထုတ်ဆင့်ပြီးနောက် (၁၅) ရက်ကုန်ဆုံးသောအခါ အဆိုပါမြေကို သိမ်းယူပြီးလျှင် **"အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် **စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**အမည်ဖြင့် စက်မှု/ စီးပွား မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် မြေသိမ်းကော်လိတ္တော် အရာရှိအား ညွှန်ကြားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၉၂/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၃) ဖြင့် ပေါင်းလောင်းကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်မိန့် ထုတ်ပြန်ခဲ့သော ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု၊ ကွင်းအမည်- ပေါင်းလောင်းကြိုးဝိုင်းတော တစ်စိတ်တစ်ဒေသ၊ ဦးပိုင်အမှတ် ( - ) မှ ကြိုးဝိုင်းတောပယ်ဖျက်မြေဧရိယာ **(၃၃. ၃၅)** ဧက အား **"နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်း"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နေပြည်တော်စည်ပင်သာယာရေးကော်မတီ**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၉၃/၂၀၁၆)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်/ အမည် (၃၇၃/သရက်ချောင်းအေကွင်း)၊ မြေကွက်အမှတ် (၁၀၃/၁၅၈၈) ရှိ **ကျောင်းအားကစားကွင်းမြေ ဧရိယာ (၁. ၂၇) ဧက**နှင့် မြေကွက်အမှတ် (၁၅၉၂၊ ၁၅၉၃၊ ၁၅၉၄၊ ၁၅၉၅)တို့မှ **အစိုးရသီးသန့်မြေ ဧရိယာ (၂. ၁၅) ဧက၊ စုစုပေါင်းမြေဧရိယာ (၃. ၄၂) ဧက**အား မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂အရ **အခြေခံပညာဦးစီးဌာန၊ အခြေခံပညာအထက်တန်းကျောင်း (သရက်ချောင်း)** မြေအဖြစ် အသုံးပြုရန်အတွက် ပညာရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၉၅/၂၀၁၆)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၃) ဖြင့် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ ထိန်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-ပေါင်းလောင်း ကြိုးဝိုင်းတော တစ်စိတ်တစ်ဒေသ၊ ဦးပိုင်အမှတ် ( - ) မှ ကြိုးဝိုင်းတောပယ်ဖျက်မြေဧရိယာ (**၁၈၅၂. ၀၀**) ဧကအား **အမှတ် (၂၀၃၂) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်း "ပြင်ကျယ်တောင် ရေဒါစခန်း"** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ ကာကွယ်ရေးဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၉၈/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ မင်္ဂလာဒုံတပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံးမြေအဖြစ် အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၆ ခုနှစ်၊ မေလ ၂၀ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် မြေလွှဲပြောင်း ပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၂၉ အေ၊ ၅၂၉ ဘီ/ဂုံညင်းနီတောကွင်းရှိ မြေဧရိယာ (၆၄၇. ၄၂) ဧကအနက် ကွင်းအမှတ်/အမည် - ၅၂၉အေ/ဂုံညင်းနီတောကွင်း၊ ဦးပိုင်အမှတ် (၁၈) တစ်စိတ်တစ်ဒေသမှ **မြေဧရိယာ (၁၀. ၂၄) ဧက** ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စွန့်လွှတ်အပ်နှံမှုအပေါ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၅၆၉/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

အဆိုပါ စွန့်လွှတ်အပ်နှံခွင့်ပြုသည့် **မြေဧရိယာ (၁၀. ၂၄)ဧက**ကို နိုင်ငံတော်ပိုင်မြေ (State Land)အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်းပေးခဲ့သော မြေဧရိယာ (၆၄၇. ၄၂) ဧကအနက် ပြန်လည်စွန့်လွှတ်ပြီး ကျန်မြေဧရိယာ **(၆၃၇. ၁၈) ဧက**ကို ကာကွယ်ရေးဝန်ကြီးဌာန၊ မင်္ဂလာဒုံ တပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံးမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ မင်္ဂလာဒုံတပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံးမြေအဖြစ် အသုံးပြုရန် အမိန့် ပြင်ဆင်သတ်မှတ်သည့် **မြေဧရိယာ (၆၃၇. ၁၈) ဧက**ကို ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမပြုသော နေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၁၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ စခမ်းကြီး/ သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၉၈၀/ညောင်ပင်အိုင်၊ ၉၈၂/ပဒဲ့ကောမြောက် ၉၇၈/ ကန့်ကော်ကျွန်း၊ ၉၈၉/ဘန့်ဘွေးကုန်း၊ ဦးပိုင်ပေါင်း (၄၉) ခုမှ **မြေဧရိယာ (၁၄၅၃. ၇၂) ဧက**ရှိ စွန့်လွှတ် မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ စာအမှတ်၊ ၄၃/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည် အပ်နှံခွင့်ပြုခဲ့ပါသည်။

အဆိုပါ စွန့်လွှတ်အပ်နှံခွင့်ပြုသည့် မြေဧရိယာ (၁၄၅၃. ၇၂) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၃၁၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၃၁၀/၂၀၁၆) ဖြင့် နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် သတ်မှတ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ စခမ်းကြီး/သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၉၈၀/ညောင်ပင်အိုင်၊ ၉၈၂/ပဒဲ့ကောမြောက်၊ ၉၇၈/ကန့်ကော်ကျွန်း၊ ၉၈၉/ဘန့်ဘွေးကုန်း၊ ဦးပိုင်ပေါင်း (၄၉) ခုမှ **မြေဧရိယာ (၁၄၅၃. ၇၂)ဧက**အား မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေဧရိယာ (၁၄၅၃. ၇၂) ဧကကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၁၂/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီး(တောင်)ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၁၁၄၊ ၁၁၁၅)/ ငါးဟစ်ကန်ကွင်း(အောင်မြေယာခြံ)၊ ဦးပိုင်အမှတ်(-)မှ **မြေဧရိယာ(၆၀. ၄၄)ဧက**ရှိ စွန့်လွှတ်မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ စာအမှတ်၊ ၆၄၇/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

အဆိုပါ စွန့်လွှတ်အပ်နှံခွင့်ပြုသည့် မြေဧရိယာ (၆၀. ၄၄)ဧကကို နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၃၁၃/၂၀၁၆)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ သောတာပန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၇၈/သောတာပန်၊ ဦးပိုင်အမှတ် (၃၂^၁) **"ရန်ကြီးအောင်ကျောင်းတိုက်"** အခွန်လွတ်သာသနာ့မြေဧရိယာ **(၀. ၃၆)** ဧကအနက်မှ **(၀. ၀၀၉)** ဧကကို ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ ဒေါ်သန်းသန်းရွှေ [၅/စကန (နိုင်) ၁၂၃၈၅၅] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၁၇/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

စက်မှုဝန်ကြီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ

အောက်ဖော်ပြပါ **မြေဧရိယာစုစုပေါင်း (၆၄၅. ၃၄) ဧက**ရှိ စွန့်လွှတ်မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည် -

| စဉ် | မြို့နယ် | ရပ်ကွက်/ ကျေးရွာအုပ်စု အမည် | ကွင်းအမှတ်/အမည် | ဦးပိုင် အမှတ် | မြေဧရိယာ (ဧက) | အပ်နှံသည့်ဌာန |
|---|---|---|---|---|---|---|
| ၁။ | သထုံ | ဒူးရင်းဆိပ် | ၄၂၄/ကမာစိုင်ကွင်း | ၆၆ᵃ | ၂၆. ၈၄ | အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း |
| ၂။ | သထုံ | ဒူးရင်းဆိပ် | ၅၂၆/တောကွင်း | N ၁၃ | ၃၃. ၀၀ | အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း |
| ၃။ | ဘီးလင်း | တဘက်ဆွဲ | ၁၇၀၆/ဒေါင်းရွာကွင်း | ၁ | ၁. ၅၀ | အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း |
| ၄။ | ကျိုက်ထို | မြောက်ပိုင်း | ၁၅၁ᵇ/မြောက်တောကွင်း ၁၅၁ᶜ/တောကွင်း | - | ၅၈၄. ၀၀ | အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း |
| စုစုပေါင်း | | | | | **၆၄၅. ၃၄** | |

အဆိုပါ စွန့်လွှတ်အပ်နှံခွင့်ပြုသည့် မြေဧရိယာ (၆၄၅. ၃၄) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၁၈/၂၀၁၆)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ အမှတ် (၁၁) ရပ်ကွက်၊ ကွင်းအမည်-ကွင်းပြင်ပ၊ ဦးပိုင်အမှတ် - N၁၁ရှိ **"ရွှေလရောင်ပရိယတ္တိစာသင်တိုက်"** အခွန်လွတ်သာသနာ့**မြေဧရိယာ (၅. ၀၀) ဧကအနက်မှ (၀. ၀၅၅) ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ ဒေါ်ကေသီအောင် [၁၃/တကန (နိုင်) ၀၁၇၄၁၃] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၁၉/၂၀၁၆)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၃) ဖြင့် ပေါင်းလောင်းကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်မိန့်ထုတ်ပြန်ခဲ့သော ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ သပြေကုန်းကျေးရွာအုပ်စု၊ ကွင်းအမည် ပေါင်းလောင်းကြိုးဝိုင်းတော တစ်စိတ်တစ်ဒေသ၊ ဦးပိုင်အမှတ် ( - ) မှ ကြိုးဝိုင်းတောပယ်ဖျက်မြေဧရိယာ (၄. ၃၅) ဧကအား **"ရဟတ်ယာဉ်ကွင်း"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နေပြည်တော်စည်ပင်သာယာရေးကော်မတီ**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၂၀/၂၀၁၆)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့၊ ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်/အမည်- ၉/ ရွှေလရောင်ရပ်၊ ဦးပိုင်အမှတ် (၁၁) **"ဇေယျမင်္ဂလာဂါတ်ကျောင်း"** အခွန်လွှတ်သာသနာ့မြေဧရိယာ **(၀. ၈၂၅)** ဧကအနက်မှ **(၀. ၀၂၅)** ဧကကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ ဦးမင်းစိုး [၈/မသန (နိုင်) ၀၀၂၁၀၅] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၂၀/၂၀၁၆)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်၊ ရေမျက်နီကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၅၇/ရေမျက်နီရွာမကွင်း၊ ဦးပိုင်အမှတ်( - )၊ မြေကွက်အမှတ် (၅၃၅) **"အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း"** အခွန်လွတ်သာသနာ့မြေဧရိယာ **(၁. ၇၅)ဧကအနက်မှ** မြေကွက်အမှတ် **(၅၃၅/၅၇၅) ရှိ မြေဧရိယာ (၀. ၀၅) ဧက**ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၃(က) နှင့်အညီ ဦးအောင်သိန်း [၈/ထလန (နိုင်) ၀၁၂၀၅၅၀] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၂၂/၂၀၁၆)

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ ကူကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၄၇၈/ သရက်ကံ၊ ဦးပိုင်အမှတ် ( - ) မှ မြေဧရိယာ **(၀. ၂၁) ဧက**အား မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း **"သာကြီးတောင်-စပယ်ရေနံမြေ၊ ကမ္ဘသဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်း"** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ စွမ်းအင်ဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စွမ်းအင်ဝန်ကြီးဌာန**က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၄၉/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၁၃) ခြေမြန်တပ်ရင်း [ယခင် အမှတ် (၁) ရှမ်းသေနတ်ကိုင်တပ်ရင်း] မြေအဖြစ် အသုံးပြုရန်အတွက် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ ၁၉၉၀ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါ မြေသိမ်းအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လွှဲပြောင်းပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၂၀/ကြာဖြူကန် အရှေ့ရှိ မြေဧရိယာ (၂၆. ၈၃) ဧကနှင့် ကွင်းအမှတ်/အမည်-၅၇၃/ကြာဖြူကန်ကြီးဝိုင်းရှိ မြေဧရိယာ (၂၆၅. ၆၅) ဧက၊ စုစုပေါင်း မြေဧရိယာ (၂၉၂. ၄၈) ဧကအနက်မှ သန္ဓေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၂၀/ကြာဖြူကန်အရှေ့ ဦးပိုင်အမှတ်-၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၄၁၊ ၅၈၊ ၅၉ တို့ရှိ **မြေဧရိယာ (၂၆. ၈၃) ဧက**ကို ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၅/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

အဆိုပါ စွန့်လွှတ်အပ်နှံခွင့်ပြုသည့် **မြေဧရိယာ (၂၆. ၈၃) ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ မြေသိမ်းအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လွှဲပြောင်းပေး ခဲ့သော မြေဧရိယာ (၂၉၂. ၄၈) ဧကအနက် ပြန်လည်စွန့်လွှတ်ပြီး ကျန်မြေဧရိယာ **(၂၆၅. ၆၅) ဧက**ကို ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၁၃) ခြေမြန်တပ်ရင်းမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ် လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၃၁၃) ခြေမြန်တပ်ရင်းမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင် သတ်မှတ်သည့် **မြေဧရိယာ (၂၆၅. ၆၅) ဧက**ကို ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၉၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ပြန်လည်အပ်နှံလာသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦး

မြို့နယ်၊ တောကျောင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၉၆၄ဏ/ပေါက်အင်းကွင်း၊ ဦးပိုင်အမှတ် (၂၉၇)၊ **မြေဧရိယာ (၃. ၀၅) ဧက**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်စွဲပါ စာအမှတ် -၃၇၈/၁-ကော်မတီ/မစခ(ဗဟို)/ ၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါမြေဧရိယာ **(၃. ၀၅)ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၁၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ ကွင်းအမှတ်-မ-၆၊ ဦးပိုင်အမှတ် (၂၀)၊ မြို့မြေဧရိယာ **(၀. ၃၀၇၄)** ဧကရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်သည့် ဒေါ်လှမျက်ခြယ် အမည်ပေါက် ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့အထိ နှစ် (၃၀) ဂရန်အား ပယ်ဖျက်၍ **"ပြည်တွင်းအခွန်များဦးစီးဌာန"** မြေအဖြစ် အသုံးပြုရန် အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၂၀/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၂၄) ခြေလျင်တပ်ရင်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံ လာသည့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ အတွင်းဘုတ်ပြင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၆၁၇/အတွင်းဘုတ်ပြင်းကွင်း၊ ဦးပိုင်အမှတ် (၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀) မှ **မြေဧရိယာ (၁၃. ၅၆)ဧက**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၃၆/၁-ကော်မတီ/မစခ(ဗဟို)၊ ၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၂၂၄) ခြေလျင်တပ်ရင်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ မြေဧရိယာ (၁၃. ၅၆) ဧကကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၃၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၇) ခြေလျင်တပ်ရင်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံ လာသည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ မကျည်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၈၇၅/နတ်အိမ်ကမ်းကွင်း၊ ဦးပိုင်အမှတ် (၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၅) မှ **မြေဧရိယာ (၄၉. ၅၀) ဧက**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၃၈/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည် အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၇) ခြေလျင်တပ်ရင်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ မြေဧရိယာ (၄၉. ၅၀) ဧကကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၃၇/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၇) ခြေလျင်တပ်ရင်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မင်းသန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၄၈/ပြင်းရှည်ကွင်း၊ ဦးပိုင်အမှတ် ( - ) မှ **မြေဧရိယာ (၅၀)ဧက**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၃၇/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၁၇) ခြေလျင်တပ်ရင်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ မြေဧရိယာ (၅၀) ဧကကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၃၉/၂၀၁၆)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်/အမည်-၄၂၄/ကမာစိုင်ကွင်း၊ ဦးပိုင်အမှတ် (၆၆^ခ)၊ မြေဧရိယာ **(၆၃. ၂၁)** ဧကအနက်မှ မြေဧရိယာ **(၂၆. ၈၄)** ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၅၈၁/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ**မြေဧရိယာ (၂၆. ၈၄) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၄၀/၂၀၁၆)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဒူးရင်းဆိပ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်/အမည်-၅၂၆/တောကွင်း၊ ဦးပိုင်အမှတ် (N^၁၉)၊ မြေဧရိယာ **(၁၁၃. ၅၀)** ဧကအနက်မှ မြေဧရိယာ **(၃၃. ၀၀)** ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၅၈၂/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါမြေဧရိယာ **(၃၃. ၀၀) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၆၅/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်ရှိ ကွင်းအမှတ်/အမည်-၁၅၁^ဂ/မြောက်တောကွင်းမှ စားကျက်မြေဧရိယာ (၁၄၇. ၀၀)ဧက၊ ကွင်းအမှတ်/အမည်-၁၅၁^ဃ/တောကွင်းမှ စားကျက်မြေဧရိယာ (၄၃၇. ၀၀) ဧက၊ **စုစုပေါင်းမြေဧရိယာ (၅၈၄. ၀၀) ဧက**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၅၇၉/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါမြေဧရိယာ **(၅၈၄. ၀၀) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၇၆/၂၀၁၆)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ သိမ်ကုန်းရပ်ကွက်ရှိ အကွက်အမှတ်/အမည်-၆၇/လမ်းဘိုတောင်၊ ဦးပိုင်အမှတ် (၁/၁) မှ မြေဧရိယာ **(၁၈. ၇၃၁)** ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ စာအမှတ်-၇၀/၁-ကော်မတီ/မစခ (ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါမြေဧရိယာ **(၁၈. ၇၃၁) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၇၇/၂၀၁၆)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တဘက်ဆွဲကျေးရွာအုပ်စုရှိ ကွင်းအမှတ်/အမည်-၁၇၀၆/ဒေါင်းရွာကွင်း၊ ဦးပိုင်အမှတ် (၁)၊ မြေဧရိယာ **(၁၈၄. ၉၅)** ဧကအနက်မှ **(၁. ၅၀)** ဧကကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်စွဲပါ စာအမှတ်၊ ၅၈၀/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၅ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါမြေဧရိယာ **(၁. ၅၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၀၃/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၀၃) ခြေမြန်တပ်ရင်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကဇိကျေးရွာအုပ်စုရှိ ကွင်းအမှတ်/အမည်-၃၆၃/ကဇိကွင်း၊ ဦးပိုင်အမှတ် ( - )၊ **မြေဧရိယာ (၅၆. ၉၃) ဧက**ရှိ တစ်စိတ်တစ်ဒေသ စွန့်လွှတ်မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ ၆၆/၁-ကော်မတီ/မစခ (ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

အဆိုပါ စွန့်လွှတ်အပ်နှံခွင့်ပြုသည့် **မြေဧရိယာ(၅၆. ၉၃)ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၀၄/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၃၃) ခြေမြန်တပ်ရင်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မင်းသန်းကျေးရွာအုပ်စု ကွင်းအမှတ်/အမည်-၇၄၈/ပြင်းရှည်၊ ဦးပိုင်အမှတ် ( - )၊ **မြေဧရိယာ (၅၀. ၀၀) ဧက**ရှိ တစ်စိတ်တစ်ဒေသ စွန့်လွှတ်မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ ၆၈/၁-ကော်မတီ/မစခ(ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

အဆိုပါ စွန့်လွှတ်အပ်နှံခွင့်ပြုသည့် **မြေဧရိယာ (၅၀. ၀၀) ဧကကို နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၀၅/၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ရှမ္မတွင်းကျေးရွာအုပ်စု၊

ကွင်းအမှတ်/အမည်-၁၁(OSS)/ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် ( - )၊ **မြေဧရိယာ (၅. ၃၉) ဧက**ရှိ တစ်စိတ်တစ်ဒေသ စွန့်လွှတ်မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ ၆၅/၁-ကော်မတီ/မစခ (ဗဟို)/ ၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၈) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၅. ၃၉) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၃၅/ ၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၀၄) ခြေမြန်တပ်ရင်းမှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ စုံစင်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်/ အမည်-၂၅/အိုအက်စ်အက်စ်ကွင်း၊ ဦးပိုင်အမှတ် ( - )၊ **မြေဧရိယာ (၇၉. ၇၉) ဧက**ရှိ တစ်စိတ်တစ်ဒေသ စွန့်လွှတ်မြေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ ၆၇/၁-ကော်မတီ/မစခ (ဗဟို)/ ၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၄၀၄) ခြေမြန်တပ်ရင်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၇၉. ၇၉) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၃၇/ ၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၁၇၅(က)/လော့လော့တောင်၊ ဦးပိုင်အမှတ် (၁-ခ၊ ခ-၁၅၊ စ-၁၆၊ အ-၁၆၊ ၁၇၊ ၁၈-၁၊ ၁၉၊ ၂၀၊ ၂၂၊ ၂၃) မှ **မြေဧရိယာ (၁၀၄. ၉၄) ဧက**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၄၁/၁-ကော်မတီ/မစခ (ဗဟို)၊ ၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၁၀၄. ၉၄) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၅၄၀/ ၂၀၁၆)

ကာကွယ်ရေးဝန်ကြီးဌာန၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ အသုံးပြုရန်မရှိသဖြင့် ပြန်လည်အပ်နှံလာသည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၁၇၄/အထူးရာကြီးကွင်း၊ ဦးပိုင်အမှတ် ၈၄-၂ (က)၊ ၈၄-၂ (ခ)၊ ၈၄-၂ (ဃ)၊ ၈၄-၂ (င)၊ က-၉၂ (၁)၊ က-၉၂ (၂)၊ က-၉၃၊ **မြေဧရိယာ (၂၂. ၄၈) ဧက**ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၄၂/၁-ကော်မတီ/မစခ (ဗဟို)/၂၀၁၆ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ (၂၂. ၄၈) ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၅-၂၀၁၆)

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၅-၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ စာချုပ်စာတမ်းများစိစစ်ရေးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း ဌာနခွဲမှူး ဦးကိုကိုလတ် အား အဆိုပါဦးစီးဌာနရှိ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း လက်ထောက် ညွှန်ကြားရေးမှူးရာထူးသို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ လုပ်ငန်းလိုအပ်ချက်အရ တိုးမြှင့် ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၅-၂၀၁၆)

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၅-၂၀၁၆) ၏ သဘောတူညီချက်အရ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား အဆိုပါဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း ညွှန်ကြားရေးမှူးရာထူးသို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ တိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၁) | ဒေါက်တာမျိုးထိုက် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီနယ်မြေ<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး<br>ဦးစီးဌာန | ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီး<br>စက်မှုကြီးကြပ်ရေးနှင့်<br>စစ်ဆေးရေးဦးစီးဌာန |
| (၂) | ဦးတင်ရွှေဦး | ဒုတိယညွှန်ကြားရေးမှူး<br>ဘွိုင်လာစစ်ဆေးရေးဌာန<br>(ရုံးချုပ်) | ညွှန်ကြားရေးမှူး<br>စက်မှုကြီးကြပ်ရေးဌာန<br>(ရုံးချုပ်) |

## အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၅-၂၀၁၆)

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၅-၂၀၁၆) ၏ သဘောတူညီချက်အရ အမှတ် (၁) အကြီးစားစက်မှု လုပ်ငန်း၊ အမှတ် (၁၇) အကြီးစားစက်ရုံ (မလွန်) ရှိ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း ဒုတိယစက်ရုံမှူးရာထူးဖြင့် အမှတ် (၁၆) အကြီးစားစက်ရုံ (ဆင်တဲ) သို့ တွဲဖက်၍ ၎င်းစက်ရုံ၏ ခေတ္တ စက်ရုံမှူး တာဝန်ထမ်းဆောင်လျက်ရှိသော ဦးခင်မောင်စိန် အား အမှတ် (၁၆) အကြီးစားစက်ရုံ (ဆင်တဲ) ရှိ လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) တန်း စက်ရုံမှူးရာထူးသို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ စ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၅-၂၀၁၆)

၁။　၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၅-၂၀၁၆) ၏ သဘောတူညီချက်အရ အမှတ် (၂) အကြီးစားစက်မှု

လုပ်ငန်း (ရုံးချုပ်)၊ အုပ်ချုပ်ရေးဌာနမှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးဝင်း အား အဆိုပါလုပ်ငန်း၊ အမှတ် (၂၇) စက်မှုကုန်ကြမ်းဌာန (ကျိုက်ထို) ရှိ လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) တန်း အထွေထွေမန်နေဂျာရာထူးသို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး၊ လုပ်ငန်း (ရုံးချုပ်) တွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

၂။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၅-၂၀၁၆) ၏ သဘောတူညီချက်အရ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း (ရုံးချုပ်)၊ အုပ်ချုပ်ရေးဌာနမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးမြင့်ထွန်း အား အဆိုပါလုပ်ငန်း၊ အမှတ် (၃၄) အကြီးစားစက်ရုံ (သာယာဝတီ) ရှိ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း ဒုတိယစက်ရုံမှူးရာထူးသို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး၊ လုပ်ငန်း (ရုံးချုပ်) တွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဦးခေါင်မြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လစာခေါင်းစဉ်မှအပ အောက်ပါ ပေးချေငွေအမျိုးအစားများနှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းများအတိုင်း ကျသင့်သောဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန် ထုတ်ပြန်သတ်မှတ်လိုက်သည် -

| **အမှတ်စဉ်** | **ပေးချေငွေအမျိုးအစား** | **ထုတ်ပေးသည့်ငွေမှ အခွန်အတွက် နုတ်ယူရန် ရာခိုင်နှုန်း** | |
|---|---|---|---|
| | | **ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများအတွက်** | **ပြည်ပနေနိုင်ငံခြားသားအတွက်** |
| (က) | ချေးငွေ သို့မဟုတ် ကြွေးမြီတစ်ရပ်ရပ် သို့မဟုတ် ယင်းသဘောသဘာဝ သက်ရောက်သည့် ကိစ္စရပ် သို့မဟုတ် ငွေစုဆောင်းခြင်းအတွက် အတိုးပေးငွေ (Interest Payment for a loan or indebtedness or a transaction of similar nature or Saving.) | - | ၁၅% |
| (ခ) | လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင် အခွင့်အရေးစသည်တို့ကို အသုံးချခွင့်ပြုသည့်အတွက် ပေးချေငွေများ (Royalties for the use of licenses, Trademarks,Patent Right etc.) | ၁၀% | ၁၅% |

| အမှတ်စဉ် | ပေးချေငွေအမျိုးအစား | ထုတ်ပေးသည့်ငွေမှ အခွန်အတွက် နုတ်ယူရန် ရာခိုင်နှုန်း | |
|---|---|---|---|
| | | ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားများ အတွက် | ပြည်ပနေ နိုင်ငံခြားသား အတွက် |
| (ဂ) | နိုင်ငံတော်အဖွဲ့အစည်းများ၊ နိုင်ငံပိုင်လုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ သမဝါယမအသင်းများ၊ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားသားပိုင်လုပ်ငန်းများနှင့် အဖွဲ့အစည်းများ၊ ပြည်တွင်းကုမ္ပဏီများ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖွဲ့စည်းမှတ်ပုံတင်ထားသော အစုစပ်လုပ်ငန်းများတို့က တင်ဒါစနစ်၊ ကန်ထရိုက်စနစ်၊ ဈေးနှုန်းခေါ်ယူသည့်စနစ် သို့မဟုတ် အခြားစနစ်တစ်ခုခုဖြင့် နိုင်ငံတော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်စေခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားယူခြင်းတို့အတွက် ပေးငွေများ (ဤဇယား၏ အထက်အမှတ်စဉ်များပါ ပေးချေငွေတို့မှအပ) -<br>Payment by State organizations, State enterprises, Development Committees, cooperative societies, foreign companies, foreign enterprises and organizations,local companies and under an existing law for purchase of goods,work performed or supply of services and hiring within the country under a tender, contract, quotation or other modes<br>(other than the services mentioned in above items of this table.):- | ၂% | ၂. ၅% |

၂။ အထက်အပိုဒ်ပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း အခွန်နုတ်ယူပေးသွင်းရာတွင် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားသို့ ပေးချေခြင်းဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားသို့ ပေးချေခြင်းဖြစ်ပါက ထုတ်ပေးသည့် ငွေအမျိုးအစားဖြင့်လည်းကောင်း နုတ်ယူ၍ သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးချေငွေကို လက်ခံရရှိသူအမည် သို့မဟုတ် လုပ်ငန်းအမည်ဖြင့် ပေးသွင်းရမည်။

၃။ အပိုဒ် ၁ ပါ ပေးချေငွေများအနက် ပြည်ပနေနိုင်ငံခြားသားထံ ပေးချေငွေမှ နုတ်ယူပေးသွင်းသည့် အခွန်ငွေကို ပြည်ပနေနိုင်ငံခြားသားအတွက် အပြီးသတ်စည်းကြပ်မှုအရ ပေးသွင်းသည့် ဝင်ငွေခွန်အဖြစ် မှတ်ယူရမည်။ သို့ရာတွင် ပြည်ပနေနိုင်ငံခြားသား၏ ရုံးခွဲအဖြစ် ပြည်တွင်း၌ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းအပေါ် ဝင်ငွေခွန်ဥပဒေနှင့်အညီ စည်းကြပ်ခြင်းကို ခံယူပါက နုတ်ယူပေးသွင်းခဲ့သည့်အခွန်ကို စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်ပေးရမည်။ ထို့အတူ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားထံ ပေးချေငွေမှ နုတ်ယူပေးသွင်းငွေများကို စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်ပေးရမည်။

၄။ ပြည်ပနေ နိုင်ငံခြားသားသည် မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ကွမ်းရှောင်ရှားရေးနှင့် ငွေကြေးထိမ်ချန်မှုကာကွယ်ရေးသဘောတူစာချုပ် Agreement for Avoidance of Double Taxation and Prevention of Fiscal Evasion (Tax Treaty) ချုပ်ဆိုထားသော နိုင်ငံတစ်ခုခု၏ ပြည်တွင်းနေ Resident ဖြစ်ကြောင်း ဆိုင်ရာနိုင်ငံ ပြည်တွင်းအခွန်ဌာန၏ သက်သေခံလက်မှတ် Certificate of Resident တင်ပြလာလျှင် ထိုသူသို့ ထုတ်ပေးရန်ရှိသော ငွေအနက်မှ ဝင်ငွေခွန်အတွက် နုတ်ယူပေးသွင်းရမည့်ငွေကို သက်ဆိုင်ရာနိုင်ငံနှင့်ချုပ်ဆိုထားသော သဘောတူစာချုပ်ပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း နုတ်ယူပေးသွင်းရမည်။

၅။ ပင်ရင်းမှ နုတ်ယူပေးသွင်းသူသည် ပြည်တွင်းအခွန်များဦးစီးဌာနက သတ်မှတ်သောပုံစံဖြင့် (၃) စုံ ပြုစု၍ မူရင်းကို အခွန်ငွေ နုတ်ယူခြင်းခံရသူသို့လည်းကောင်း၊ မိတ္တူ (၁) စောင်ကို အခွန်ပေးသွင်းသည့် အခွန်ဦးစီးဌာနမှူးရုံးသို့လည်းကောင်း ပေးပို့ပြီး ကျန်မိတ္တူ (၁) စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားရမည်။

၆။ အပိုဒ် ၁ ပါ ပေးချေငွေမှ အခွန်နုတ်ယူပေးသွင်းရာတွင် -

(က) ဝင်ငွေနှစ် တစ်နှစ်အတွင်း စုစုပေါင်းပေးငွေ ကျပ် ၅ သိန်းထက်မကျော်လျှင် အခွန်နုတ်ယူပေးသွင်းခြင်းမပြုရ။ စုစုပေါင်းပေးချေငွေသည် ကျပ် ၅ သိန်းထက်ကျော်လွန်ပါက ပေးချေငွေအားလုံးအပေါ်တွင် သက်ဆိုင်ရာအခွန်နှုန်းဖြင့် နုတ်ယူပေးသွင်းရမည်။

(ခ) ပေးချေငွေသည် တစ်ကြိမ်အတွက် သတ်မှတ်ပမာဏကို မကျော်လွန်သော်လည်း နှစ်အတွင်း အကြိမ်ကြိမ်ပေးချေငွေသည် သတ်မှတ်ပမာဏထက်ကျော်လွန်ပါက သတ်မှတ်ရာခိုင်နှုန်းများနှင့်အညီ အခွန်ကိုနုတ်ယူပေးသွင်းရမည်။

(ဂ) ပြည်ပနေနိုင်ငံခြားသားသို့ပေးချေခြင်း သို့မဟုတ် နိုင်ငံခြားငွေဖြင့် ပေးချေခြင်းဖြစ်ပါက ပေးချေငွေအားလုံးအပေါ်တွင် ဇယားပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်း နုတ်ယူပေးသွင်းရမည်။

(ဃ) ပေးချေငွေအမျိုးအစားအားလုံးအတွက် အခွန်နုတ်ယူပေးသွင်းရန် သတ်မှတ်ပမာဏမပြည့်မီသော ပေးချေငွေများအတွက် သတင်းစာရင်းအဖြစ် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရမည်။

၇။ သို့ရာတွင် -

(က) အစိုးရအဖွဲ့အစည်းအချင်းချင်း ပေးချေငွေများ၊ အစိုးရအဖွဲ့အသီးသီးနှင့် နိုင်ငံပိုင်လုပ်ငန်းဌာနများသို့ ပေးချေငွေများအပေါ် ငွေထုတ်ပေးသည့်အချိန်၌ ပင်ရင်းမှ ဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းမပြုရ။

(ခ) အထက်အပိုဒ် ၁ ပါ ပေးချေငွေများအနက် ချေးငွေ သို့မဟုတ် ကြွေးမြီတစ်ရပ်ရပ် သို့မဟုတ် ယင်းသဘောသဘာဝသက်ရောက်သည့်ကိစ္စရပ် သို့မဟုတ် ငွေစုဆောင်းခြင်းအတွက် အတိုးပေးငွေနှင့်စပ်လျဉ်း၍ နိုင်ငံအတွင်း၌ ပြည်ပနေနိုင်ငံခြားသား၏ ရုံးခွဲအဖြစ် မှတ်ပုံတင်ဖွဲ့စည်းထားခြင်း၊ အဆိုပါရုံးခွဲမှ ပြည်တွင်းဝင်ငွေနှင့်စပ်လျဉ်း၍ ပြည်တွင်း၌အခွန်စည်းကြပ်မှု ခံယူနေခြင်းဖြစ်ပါက ပေးချေငွေများအပေါ် ငွေထုတ်ပေးသည့်အချိန်၌ ပင်ရင်းမှ ဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းမပြုရ။

(ဂ) အထက်အပိုဒ် ၁ ပါ ပေးချေငွေအမျိုးအစားများဖြစ်သော်လည်း ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်အထပ်ထပ်ပေးဆောင်ရခြင်း မဖြစ်စေရန် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နည်းလမ်းသတ်မှတ်ပေးနိုင်သည်။

(ဃ) ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းကို ငွေလက်ခံသူက သဘောတူလက်ခံရန်ငြင်းဆိုခြင်းကြောင့် ငွေပေးချေသူက ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းရမည့်တာဝန်မှ ကင်းလွတ်ခွင့်မရှိစေရ။

၈။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆၇/၂၀၁၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

၉။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

## ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤလုပ်ထုံးလုပ်နည်းများကို ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအား ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲ၍ တင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

(ခ) ဤလုပ်ထုံးလုပ်နည်းများသည် ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှ ရက် (၆၀) ပြည့်သည့်နေ့တွင် စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေနှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ခ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဂ) **သွင်းကုန်လိုင်စင်၊ ပါမစ် (Import Licence-IL၊ Import Permit-IP)** ဆိုသည်မှာ ပြည်ပမှ ကုန်ပစ္စည်းများတင်သွင်းရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးသည့် သွင်းကုန်လိုင်စင်၊ ပါမစ်ကို ဆိုလိုသည်။

(ဃ) **သွင်းကုန်လိုင်စင်၊ ပါမစ်သက်တမ်း**ဆိုသည်မှာ ကုန်သွယ်ရေးဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးသည့် သွင်းကုန်လိုင်စင်ခွင့်ပြုသည့်နေ့မှစ၍ လိုင်စင်တွင်ဖော်ပြထားသည့် ကုန်ပစ္စည်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက် (Last Date of Import) အထိ ကာလဖြစ်သည်။

(င) **ကုန်ပစ္စည်းရောက်ရှိသည့်နေ့ရက်**ဆိုသည်မှာ သက်ဆိုင်ရာဌာနများက အတည်ပြုသည့် ယင်းကုန်ပစ္စည်းအား တင်ဆောင်လာသည့် ယာဉ်သတ်မှတ် ဆိပ်ကမ်း/နေရာသို့ ဆိုက်ရောက်သည့် ရက်ကို ဆိုလိုသည်။

(စ) **ကုန်ပစ္စည်းကြိုတင်ရောက်ရှိခြင်း**ဆိုသည်မှာ ကုန်သွယ်ရေးဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးသည့် သွင်းကုန်လိုင်စင်ခွင့်ပြုသည့်နေ့ရက်မတိုင်မီ တင်သွင်းကုန်ပစ္စည်းသည် သတ်မှတ် ဆိပ်ကမ်း/ နေရာသို့ ရောက်ရှိခြင်းကို ဆိုလိုသည်။

( ဆ ) **After Landed Correction (ALC) ကုန်ပစ္စည်းရောက်ရှိပြီးမှ ကုန်ပါစာရင်းချုပ် (Manifest) ပြင်ဆင်ခြင်း**ဆိုသည်မှာ Shipper မှ ပြင်ဆင်အကြောင်းကြားပေးပို့သည့် Telex Date သည် ကုန်ပစ္စည်းရောက်ရှိသည့်နေ့ထက် နောက်ကျပြင်ဆင်ခြင်းကို ဆိုလိုသည်။

## အခန်း (၂)
## ကုန်ပစ္စည်းတင်သွင်းခြင်းအပေါ် အရေးယူဆောင်ရွက်ခြင်း

၃။ ကုန်ပစ္စည်းများတင်သွင်းရာတွင် ခွင့်ပြုချက်စာရွက်စာတမ်း တစ်စုံတစ်ရာမပါရှိဘဲ တားမြစ်ချက် သို့မဟုတ် စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်၍ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလျှင် ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၇ (၁) တို့အရ အဆိုပါ ကုန်ပစ္စည်းများသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည့်အပြင် အဆိုပါ ပြစ်မှုမျိုးတွင် ပါဝင်သက်ဆိုင်သူတစ်ဦးသည် ကုန်ပစ္စည်း၏ အကောက်ခွန်တန်ဖိုး (၃) ဆထက်မပိုသောငွေကို ဒဏ်ငွေတပ်ရိုက်ခြင်းခံထိုက်စေရမည် သို့မဟုတ် အဆိုပါသူသည် ရာဇဝတ်တရားသူကြီးထံတွင် တရားစွဲဆိုခြင်း ခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက (၃) နှစ်ထက်မပိုသော ထောင်ဒဏ်ကျခံထိုက်စေရမည်။

၄။ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစား ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၃ နှင့်အညီ ပစ္စည်းပိုင်ရှင်က သင့်လျော်သည့်ဒဏ်ငွေပေးဆောင်၍ ရွေးယူခွင့်ပြုရန် ညွှန်ကြားရေးမှူးချုပ်ထံလျှောက်ထားရမည်။ ညွှန်ကြားရေးမှူးချုပ်သည် ပြစ်မှုအတိုင်းအတာပေါ်မူတည်၍ ရွေးယူခွင့်ပြုနိုင်သည်။

၅။ ညွှန်ကြားရေးမှူးချုပ်သည် ခွင့်ပြုချက်၊ ကန့်သတ်ချက်တို့နှင့် ကွဲလွဲ၍တင်သွင်းလာသော မော်တော်ယာဉ်၊ ယန္တရားများနှင့် အထွေထွေကုန်စည်များပေါ်တွင် ဒဏ်ကြေးသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲပါ ဇယားအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ပိတ်ပင်တားမြစ် ကန့်သတ်ထားသော ကုန်ပစ္စည်းများ တင်သွင်းလာပါက ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေနှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေများအရ အရေးယူခြင်းခံရမည်။

## အခန်း (၃)
## အထွေထွေ

၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေအရ အကောက်ခွန်အရာရှိက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်စုံတစ်ရာသည် ၎င်းအား နစ်နာစေသည်ဟု ထင်မြင်သူမည်သူမဆို အဆိုပါ ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ (၁) လအတွင်း ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၈၊ ပုဒ်မ ၁၈၉ တို့နှင့်အညီ အယူခံဝင်ရောက်နိုင်သည်။

၇။ အကောက်ခွန်တန်ဖိုး သတ်မှတ်ရေးစည်းမျဉ်းနှင့်အညီ သတ်မှတ်ခဲ့သော Customs Value တစ်ရပ်သည် WTO Valuation Method ပါ အချက် (၆) ချက်နှင့်အညီ စည်းကြပ်တန်ဖိုးအဖြစ် သတ်မှတ်သွားပါမည်။

၈။ ပြည်ထောင်စုဝန်ကြီးသည် အခါအားလျော်စွာ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပုံမှန်တင်သွင်းလာသည့် ယာဉ်/ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသည့် ယာဉ်များနှင့် အထွေထွေကုန်စည်များအပေါ်
ဒဏ်ကြေးများသတ်မှတ်ခြင်း

| စဉ် | ပြစ်မှု | ရှင်းလင်းချက် | ပုံမှန်တင်သွင်းသော ယာဉ်/ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | အထွေထွေ ကုန်စည်များ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ပြစ်ဒဏ် | ပြစ်ဒဏ် | |
| ၁။ | Main Brand ကွဲလွဲခြင်း | ဥပမာ-မော်တော်ယာဉ်များအတွက် IL/IP/ID ခွင့်ပြု Toyota Brand ဖြစ်သော်လည်း အမှန်တင်သွင်း Nissan Brand ကွဲလွဲတင်သွင်းခြင်း။ ယန္တရားများအတွက် IL/IP/ID ခွင့်ပြု Komatsu Brand ဖြစ်သော်လည်း အမှန်တင်သွင်း Caterpillar Brand ကွဲလွဲတင်သွင်းခြင်း။ | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | 1/2 AV | |
| ၂။ | Brand (Not Found) | | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | 1 AV | Brand သတ်မှတ်ချက်ဆိုင်ရာ အထောက်အထားများအရ စိစစ်၍ Brand သတ်မှတ်နိုင်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည်။ |
| ၃။ | Country of Origin (Not Found) | | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | 1 AV | C/O သတ်မှတ်ချက်ဆိုင်ရာ အထောက်အထားများအရ စိစစ်၍ C/O သတ်မှတ်နိုင်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည်။ |

| စဉ် | ပြစ်မှု | ရှင်းလင်းချက် | ပုံမှန်တင်သွင်းသော ယာဉ်/ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | အထွေထွေ ကုန်စည်များ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ပြစ်ဒဏ် | ပြစ်ဒဏ် | |
| ၄။ | Sub Brand ကွဲလွဲခြင်း | ဥပမာ-မော်တော်ယာဉ်များအတွက် IL/IP/ID ခွင့်ပြု Toyota Corolla ဖြစ်သော်လည်း အမှန်တင်သွင်း Toyata Belta ကွဲလွဲ တင်သွင်းခြင်း။ ယန္တရားများအတွက် IL/IP/ID ခွင့်ပြု Model No. နှင့် အမှန်တင်သွင်း Model No. ကွဲလွဲ တင်သွင်းခြင်း။ | 1 AV | ကင်းလွတ် | Brand တူ၊ Type တူ၊ တရားဝင်တင်သွင်းခြင်းဖြစ်၍ ဒဏ်ကြေး 1 AV မှာ သင့်လျော်သော ဒဏ်ကြေး ဖြစ်ပါသည်။ |
| ၅။ | Type ကွဲလွဲခြင်း | ဥပမာ-မော်တော်ယာဉ်များအတွက်ရိုးရိုး Truck နှင့် Box Truck ကွဲလွဲတင်သွင်းခြင်း၊ Saloon နှင့် Van ကွဲလွဲ တင်သွင်းခြင်း။ | 1/2 AV | 1/90 AV | ဤပြစ်ဒဏ်သည် ယာဉ်အမျိုးအစား အုပ်စုတူညီ၍ ပုံစံ (Type) ကွဲလွဲခြင်းများကိုသာ ဆိုလိုသည်။ အမှန်တင်သွင်း ယာဉ်အပေါ် မူတည်၍ တန်ဖိုး သတ်မှတ်စည်းကြပ်ရန် ဖြစ်ပါသည်။ |
| | | Without Body တင်သွင်းခြင်း | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | - | |
| ၆။ | ယာဉ်အမျိုးအစား အုပ်စုကွဲလွဲခြင်း | ဥပမာ-လူစီးယာဉ်အုပ်စုမှ ခရီးသည်တင်ယာဉ်အုပ်စုသို့ ကွဲလွဲတင်သွင်းခြင်း၊ ကုန်တင်ယာဉ် အုပ်စုမှ ခရီးသည်တင်ယာဉ်အုပ်စုသို့ ကွဲလွဲတင်သွင်းခြင်းစသည် | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | - | ကညန၏ အတည်ပြုချက်ဖြင့် ယာဉ်အမျိုးအစားအုပ်စု ခွဲခြားသတ်မှတ်ရန် (လူစီးယာဉ်အုပ်စု၊ ခရီးသည်တင် ယာဉ်အုပ်စု၊ ကုန်တင်ယာဉ်အုပ်စု၊ လုပ်ငန်းသုံးယာဉ်/ယန္တရားအုပ်စု) |

| စဉ် | ပြစ်မှု | ရှင်းလင်းချက် | ပုံမှန်တင်သွင်းသော ယာဉ်/ ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | အထွေထွေ ကုန်စည်များ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ပြစ်ဒဏ် | ပြစ်ဒဏ် | |
| ၇။ | စီးပွား/ကူးသန်းမှ ခွင့်ပြုသည့် သတ်မှတ်ဘောင်၏ အနိမ့်ဆုံး Model Year အောက်အနိမ့် တင်သွင်းလာခြင်း | သတ်မှတ်ဘောင်နှစ်ကာလအောက် (၁) နှစ် နိမ့်ခြင်း | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | - | - Model Year သတ်မှတ်ချက်ကို Chassis Code/Vin Code ဖြင့် သတ်မှတ်မည်ဖြစ်သည်။ ထိုသို့ စိစစ်၍ မရပါက (ကညန) ၏ စိစစ်အတည်ပြုချက်အရ သတ်မှတ်မည်ဖြစ်သည်။<br>- အတည်ပြု Model Year ဖြင့် စည်းကြပ်ရန်။<br>- Chassis No/Vin Code ပြင်ဆင်ထားပါက သတ်မှတ်ဘောင်အတွင်း အကျုံးဝင်သည်ဖြစ်စေ၊ အကျုံး မဝင်သည်ဖြစ်စေ ပြည်သူ့ ဘဏ္ဍာသိမ်းဆည်းမည်ဖြစ်ပါသည်။ |
| | | သတ်မှတ်ဘောင်နှစ်ကာလအောက် (၂) နှစ်နှင့်အထက် နိမ့်ခြင်း | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | - | |
| | | သတ်မှတ်ဘောင်ကာလအတွင်း နိမ့်ခြင်း | 1/24 AV | - | |
| ၈။ | စီးပွား/ကူးသန်းမှ ခွင့်ပြုသည့် သတ်မှတ် Model Year ဘောင်ထက် ကျော်လွန်၍ အမြင့် တင်သွင်းခြင်း | သတ်မှတ်ဘောင်နှစ် ကာလအတွင်း မြင့်ခြင်း | 1/48 AV | - | |
| | | သတ်မှတ်ဘောင်နှစ် ကာလအထက် မြင့်ခြင်း | 1/24 AV | - | |

| စဉ် | ပြစ်မှု | ရှင်းလင်းချက် | ပုံမှန်တင်သွင်းသော ယာဉ်/ ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | အထွေထွေ ကုန်စည်များ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ပြစ်ဒဏ် | ပြစ်ဒဏ် | |
| ၉။ | IL/IP/ID ခွင့်ပြုချက်များနှင့် ကွဲလွဲခြင်း။ | ကုန်တင်ဆိပ်ကမ်း P.O.L ကွဲလွဲခြင်း | ကင်းလွတ် | ကင်းလွတ် | |
| | | ကုန်ချဆိပ်ကမ်း P.O.D ကွဲလွဲခြင်း | ကင်းလွတ် | ကင်းလွတ် | |
| | | Country of Origin ကွဲလွဲခြင်း | 1/90 AV | 1/180 AV | အမှန်တင်သွင်း Country of Origin အရ ဈေးနှုန်းအတည်ပြုသတ်မှတ်စည်းကြပ်ရန်။ |
| | | ယာဉ်/ယန္တရားများအတွက် Capacity Weight ကွဲလွဲခြင်းနှင့် အထွေထွေ ကုန်ပစ္စည်းများအတွက် Weight ကွဲလွဲခြင်း။ | တစ်တန်လျှင် ကျပ် (၁) သိန်း | ကင်းလွတ် | အမှန်တင်သွင်း Capacity Weight အရ ဈေးနှုန်းအတည်ပြုသတ်မှတ်စည်းကြပ်ရန်။ |
| | | ယာဉ်/ယန္တရားများအတွက် Vehicle Weight ကွဲလွဲခြင်း | တစ်တန်လျှင် ကျပ် (၁) သိန်း | - | 0.5 1.49=1 Ton<br>1.5 2.49=2 Ton<br>စသည်ဖြင့် တွက်ချက်ရမည်။ |
| | | စီးနိုင်သည့် ထိုင်ခုံအရေအတွက် ကွဲလွဲခြင်း | 1/4 AV | - | အမှန်တင်သွင်းလာသည့် ယာဉ်၏ Standard Seater/Engine Displacement အရ သတ်မှတ်စည်းကြပ်ရပါမည်။ |
| | | အထွေထွေပစ္စည်းများ Measurement ကွဲလွဲခြင်း | - | ကင်းလွတ် | အမှန်တင်သွင်းလာသည့် ပစ္စည်း၏ Measurement အရ သတ်မှတ်စည်းကြပ်ရပါမည်။ |
| | | Thickness အထူအပါး ကွဲလွဲခြင်း | - | ၁ တန်ကျပ် (၅) သောင်းနှုန်း | |

| စဉ် | ပြစ်မှု | ရှင်းလင်းချက် | ပုံမှန်တင်သွင်းသော ယာဉ်/ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | အထွေထွေ ကုန်စည်များ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ပြစ်ဒဏ် | ပြစ်ဒဏ် | |
| ၁၀။ | LHD,RHD ကွဲလွဲ တင်သွင်းခြင်း | ခွင့်ပြုဘယ်မောင်းယာဉ်အစား ညာမောင်းယာဉ်တင်သွင်းခြင်း | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | - | |
| | | ခွင့်ပြုညာမောင်းယာဉ်အစား ဘယ်မောင်းယာဉ်တင်သွင်းခြင်း | ကင်းလွတ် | - | |
| ၁၁။ | မော်တော်ယာဉ်/ယန္တရား၊ စက်ပစ္စည်းများ၊ စက်အပိုပစ္စည်းများ Reconditioned မကိုက်ညီခြင်း။ | မော်တော်ယာဉ်/ယန္တရားများ Reconditioned သတ်မှတ်ချက်နှင့် မကိုက်ညီခြင်း | ကျပ် (၂) သိန်း | စက်ပစ္စည်းများအတွက် 1/50 AV | ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ (၁၇. ၅. ၁၉၉၆) ရက်စွဲပါ ထုတ်ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ (၆/၉၆) ပါ Reconditioned သတ်မှတ်ချက် (၆) ချက် |
| ၁၂။ | Brand New အစား Used/ Reconditioned တင်သွင်းလာခြင်း။ | - | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | 1/2 AV | |
| ၁၃။ | Used/ Reconditioned အစား Brand New တင်သွင်းခြင်း။ | - | 1/2 AV | ကင်းလွတ် | Used အား တင်သွင်းခွင့်မပြုပါ။ |

| စဉ် | ဖြစ်မှု | ရှင်းလင်းချက် | ပုံမှန်တင်သွင်းသော ယာဉ်/ ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | အထွေထွေ ကုန်စည်များ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ်ဒဏ် | ဖြစ်ဒဏ် | |
| ၁၄။ | Valid for Prior Arrival (VPA) လိုင်စင်/ပါမစ် ခွင့်ပြုချက်မရမီ ကုန်ပစ္စည်း ရောက်ရှိခြင်း၊ ကုန်ပစ္စည်း ရောက်ရှိပြီးမှ လိုင်စင်/ပါမစ် ပြင်ဆင်ချက်ရရှိခြင်း။ | (1) day to (7) days | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | ကင်းလွတ် | |
| | | (8) days to (30) days | | 1/90 AV | |
| | | (31) days to (45) days | | 1/48 AV | |
| | | (46) days to (60) days | | 1/24 AV | |
| | | (61) days နှင့်အထက် | | သိမ်းဆည်း | |
| ၁၅။ | Licence/Permit သက်တမ်း ကျော်လွန်ခြင်း (IL,IP,Expired) | (1) day to (7) days | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | ကင်းလွတ် | လိုင်စင်/ပါမစ်သက်တမ်းတိုးနှင့် ပတ်သက်၍ နောက်ကျ၍ သက်တမ်းတိုးသော်လည်း သက်တမ်းတစ်ဆက်တည်း တိုးမြှင့်ခွင့်ရရှိလျှင် ဤအပိုဒ်ဖြင့် အရေးယူဆောင်ရွက်ရန်မလိုပါ။ |
| | | (8) days to (30) days | | 1/180 AV | |
| | | (31) days to (45) days | | 1/90 AV | |
| | | (46) days to (60) days | | 1/48 AV | |
| | | (61) days နှင့်အထက် | | သိမ်းဆည်း | |

| စဉ် | ပြစ်မှု | ရှင်းလင်းချက် | ပုံမှန်တင်သွင်းသော ယာဉ်/ ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | အထွေထွေ ကုန်စည်များ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ပြစ်ဒဏ် | ပြစ်ဒဏ် | |
| ၁၆။ | After Landed Correction (ALC) ကုန်ပစ္စည်း ရောက်ရှိပြီးမှ ကုန်ပါစာရင်းချုပ် (Manifest) ပြင်ဆင်ခြင်း | (1) day to (15) days | 1/24 AV | 1/360 AV | သဘော်ာဝင်ရက်စွဲနှင့် ပြင်ဆင်သည့် ရက်စွဲ (Shipper မှ အကြောင်းကြားပေးပို့သည့် Telex Date ခြားနားချက်ကို တွက်ချက်ရမည်။) |
| | | (16) days to (30) days | 1/12 AV | 1/180 AV | |
| | | (31) days to (60) days | 1/6 AV | 1/90 AV | |
| | | (61) days နှင့်အထက် | 1/2 AV | 1/24 AV | |
| | | သင်္ဘောလိုင်းက ပြင်ဆင်ခြင်း | ကျပ် (၁) သိန်း | ၄၀၀၀ ကျပ် | သင်္ဘောလိုင်းပြင်ဆင်ခြင်းသည် Manifest တွင် လိုင်းတိုးခြင်း၊ လိုင်းခွဲခြင်းနှင့် လိုင်းပေါင်းခြင်း ကိစ္စရပ်များတွင်သာ အကျုံးဝင်သည်။ [ပလက ၁၆၇ (၁၆)] |
| ၁၇။ | IL/IP/ID ဖော်ပြချက်များ ပူးတွဲစာရွက်စာတမ်းပါ အချက်အလက်များ ကွဲလွဲကြေညာခြင်း (Mis-Declaration) | (က) အခွန်ဘဏ္ဍာငွေထိခိုက်နစ်နာမှု ရှိသော ကွဲလွဲမှုများအတွက် | 1/4 AV | 1/360 AV မှ 1AV အထိ | - IL/IP/ID နှင့်BL, Invoice, Packing List စသည့် ဆက်စပ်စာရွက်စာတမ်းများတွင် ဖော်ပြထားသည့် အချက်အလက်များ ကွဲလွဲခြင်း ဖြစ်သည်။<br>- Commercial Documents များတင်သွင်းရာတွင် ပါရှိလာသော အမှားအယွင်းများသည် အခွန်ဘဏ္ဍာငွေ ထိခိုက်မှု ရှိ/မရှိအပေါ် အခြေခံ၍ စဉ်းစားမည်။<br>- အမည်၊ လိပ်စာများတွင် စာလုံးပေါင်းမှားယွင်းပါက ကင်းလွတ်ခွင့်ပြုမည်။ |
| | | (ခ) အခွန်ဘဏ္ဍာငွေထိခိုက်နစ်နာမှု မရှိသော ကွဲလွဲမှုများအတွက် | 1/90 AV | | |

| စဉ် | ပြစ်မှု | ရှင်းလင်းချက် | ပုံမှန်တင်သွင်းသော ယာဉ်/ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | အထွေထွေ ကုန်စည်များ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ပြစ်ဒဏ် | ပြစ်ဒဏ် | |
| ၁၈။ | Licence/Permit/ID ခွင့်ပြုချက်ထက် ကျော်လွန်တင်သွင်းခြင်း (IL, IP, ID Excess) | အထွေထွေကုန်ပစ္စည်းများနှင့်ပတ်သက်၍ အပိုပစ္စည်းပါရှိလာကြောင်း ကြိုတင်ကြေညာခြင်း (သို့မဟုတ်) Section (29) ဆောင်ရွက်လျှင် | | | Excess ရာခိုင်နှုန်းတွက်ချက်ရာတွင် ပစ္စည်းအရေအတွက်/အလေးချိန်/တန်ဖိုးပေါ်တွင်မူတည်၍ တွက်ချက်ရန်။ |
| | | 10% အထိ | - | 1/24 AV | |
| | | 11% မှ 30% အထိ | - | 1/12 AV | |
| | | 31% မှ 50% အထိ | - | 1/4 AV | |
| | | 51% နှင့်အထက် | - | 1/2 AV | |
| ၁၉။ | Licence/Permit/ID ခွင့်ပြုချက်ထက် ကျော်လွန်တင်သွင်းခြင်း (IL, IP, ID Excess) | ကြိုတင်ကြေညာခြင်း (သို့မဟုတ်) Section (29) ဖြင့် စစ်ဆေးတင်ပြခွင့် တောင်းခံပြုလုပ်ခြင်းမရှိဘဲ Customs Exam ပြုလုပ်ချိန်မှ စစ်ဆေးတွေ့ရှိခြင်းဖြစ်လျှင် | | | Excess ရာခိုင်နှုန်းတွက်ချက်ရာတွင် ပစ္စည်းအရေအတွက်/အလေးချိန်/တန်ဖိုးပေါ်တွင်မူတည်၍ တွက်ချက်ရန်။ |
| | | 10% အထိ | - | 1/12 AV | |
| | | 11% မှ 30% အထိ | - | 1/6 AV | |
| | | 31% မှ 50% အထိ | - | 1/2 AV | |
| | | 51% နှင့်အထက် | - | 1 AV | |

| စဉ် | ဖြစ်မှု | ရှင်းလင်းချက် | ပုံမှန်တင်သွင်းသော ယာဉ်/ ယန္တရားများ၊ စီမံချက်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များ | အထွေထွေ ကုန်စည်များ | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ်ဒဏ် | ဖြစ်ဒဏ် | |
| ၂၀။ | IL/IP/ID ခွင့်ပြုချက်တွင် မပါရှိခြင်း။ | IL/IP/ID ခွင့်ပြုချက်နှင့် လုံးဝကွဲလွဲ တင်သွင်းခြင်း၊ ခွင့်ပြုအမျိုးအစားနှင့် လုံးဝကွဲလွဲခြင်း။ | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း | ပြည်သူ့ဘဏ္ဍာ သိမ်းဆည်း (သို့မဟုတ်) 1 AV | - လိုင်စင်ခွင့်ပြုမိန့်နှင့် တင်သွင်းသည့်ပစ္စည်းအား လိုင်စင်ဖြင့် တိုက်ဆိုင်စစ်ဆေးမည် ဖြစ်ပါသည်။<br>- လိုင်စင်မလိုသည့်ပစ္စည်းများ အတွက် အကောက်ခွန်ဦးစီးဌာနမှ သွင်းကုန်ကြေညာလွှာနှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပါသည်။ |
| ၂၁။ | တင်သွင်းယာဉ်တွင် ခါးပတ်မပါရှိခြင်း။ | - | 1/180 AV | - | - (၂၉. ၁၁. ၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ အစည်းအဝေး (၄/၂၀၁၆) တွင် အတည်ပြုခဲ့ပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၇**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း (Post Clearance Audit) လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ခ) **အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်း**ဆိုသည်မှာ စနစ်ကျသည့်အကောက်ခွန် ထိန်းချုပ်မှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ပါဝင်သည့် စာရင်းစစ်ဆေးခံသူ (Auditees) ၏ မည်သည့်စနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော မှတ်တမ်းမှတ်ရာများ၊ ကုန်သွယ်မှုလုပ်ငန်းစဉ်များကို စစ်ဆေးခြင်းဖြင့် ကုန်ပစ္စည်းကြေညာလွှာများအပေါ် မှန်ကန်တိကျမှု ရှိ၊ မရှိ ကျေနပ်လက်ခံနိုင်သည်အထိ စစ်ဆေးသည့် လုပ်ငန်းစဉ်တစ်ရပ်ကို ဆိုသည်။

(ဂ) **ကုန်သွယ်မှုလုပ်ငန်းစဉ်**ဆိုသည်မှာ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ၊ ကုန်စည်များကို ရောင်းခြင်း၊ ဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ငွေပေးချေခြင်း၊ လက်ခံခြင်းများပြုလုပ်ရာတွင် ပါဝင်ပတ်သက်သည့်လုပ်ငန်းစဉ်ကို ဆိုသည်။

(ဃ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် ဦးစီးအရာရှိအဆင့်ထက် မနိမ့်သူက ခေါင်းဆောင်သည့်အဖွဲ့ကို ဆိုသည်။

(င) **စာရင်းစစ်ဆေးခံသူ**ဆိုသည်မှာ ကုန်ပစ္စည်းများကို မည်သည့်နည်းလမ်းဖြင့်မဆို တင်သွင်းသူ၊ တင်ပို့သူ၊ တစ်ဆင့်ဖြတ်သန်းကုန်သွယ်သူ၊ ကုန်ပစ္စည်းများကိုလက်ခံသူ သို့မဟုတ် တင်ပို့သူ၊ ကုန်ပစ္စည်းပိုင်ရှင်၊ ကုန်ပစ္စည်းများကို တစ်ဆင့်လက်ခံရယူသူ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်သည့် ကိုယ်စားလှယ်၊ ကုန်ပစ္စည်းများကို သိုလှောင်သည့် ကိုယ်စားလှယ်၊ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်သူနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ပါဝင်သည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

(စ) **နယ်မြေအကောက်ခွန်ရုံး**ဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်က ကုန်းလမ်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၄ (က) အရ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် အကောက်ခွန်ရုံးကို ဆိုသည်။

(ဆ) **တတိယအဖွဲ့အစည်း**ဆိုသည်မှာ ပင်လယ်ရပ်ခြားမှုပုဂ္ဂိုလ်၊ ကုမ္ပဏီများနှင့် ကုန်ပစ္စည်းတင်သွင်းတင်ပို့သူများမပါဝင်ဘဲ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ ဝန်ဆောင်မှုကိုယ်စားလှယ်၊ ကုန်စည်တင်ပို့သောပုဂ္ဂိုလ်၊ ကုမ္ပဏီတို့၏ ဌာနေကိုယ်စားလှယ်၊ ကုန်ပစ္စည်းတင်သွင်းတင်ပို့သောလုပ်ငန်းတွင် ပါဝင်ပတ်သက်သည့် ကြားခံဆောင်ရွက်ပေးသူနှင့် အခြားကိုယ်စားလှယ်များကို ဆိုသည်။

## အခန်း (၂)
## စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃။ စစ်ဆေးရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးရခြင်း၏ရည်ရွယ်ချက်ကို စာရင်းစစ်ဆေးခံသူအား ရှင်းပြရမည်။

(ခ) စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်အဖွဲ့တွင်ပါဝင်သော အရာရှိများကိုယ်တိုင် ပြုစုပေးရမည်။

(ဂ) အပြီးသတ်အစီရင်ခံစာတွင် ထိန်းသိမ်းထားသည့် စာရင်းတွေ့ရှိချက်များ၊ ပယ်ဖျက်ထားသည့် စာရင်းတွေ့ရှိချက်များ၊ သဘောတူညီသည့် စာရင်းတွေ့ရှိချက်များကို ပူးတွဲတင်ပြရမည်။

(ဃ) စာရင်းစစ်ဆေးခံသူက နှောင်းစာရင်းစစ်ဆေးမှုကိုခံယူရန် ငြင်းပယ်လျှင်ဖြစ်စေ၊ မကူညီလျှင်ဖြစ်စေ အဆိုပါအခြေအနေကို အစီရင်ခံစာရေးသား၍ အဆင့်ဆင့်တင်ပြရမည်။

(င) လိုအပ်၍ စာရင်းစစ်ဆေးခံသူထံမှ စာရင်းစာအုပ်များ၊ အထောက်အထားစာရွက်စာတမ်းများ၊ အီလက်ထရောနစ်မှတ်တမ်းမှတ်ရာ အချက်အလက်များကို တောင်းခံကြည့်ရှုပြီးပါက စနစ်တကျ မှတ်တမ်းမှတ်ရာဖြင့် ပြန်လည်ပေးအပ်ရမည်။

(စ) စစ်ဆေးရေးအရာရှိများသည် စာရင်းစစ်ဆေးခံသူထံမှ ရရှိသောအချက်အလက်အားလုံးကို လျှို့ဝှက်ထိန်းသိမ်း ထားရှိရမည်။

(ဆ) စစ်ဆေးတွေ့ရှိချက်ကို တာဝန်ခံ ညွှန်ကြားရေးမှူးထံ တင်ပြရမည်။

(ဇ) စစ်ဆေးတွေ့ရှိချက်ကို သက်ဆိုင်ရာစာရင်းစစ်ဆေးခံသူထံ ပေးပို့ရမည်ဖြစ်ပြီး ယင်းစစ်ဆေးတွေ့ရှိချက် အပေါ် သက်ဆိုင်ရာစာရင်းစစ်ဆေးခံသူက သဘောတူလက်ခံလျှင် သို့မဟုတ် ငြင်းဆိုရန်အကြောင်း ရှိလျှင် ကျိုးကြောင်းခိုင်လုံစွာဖော်ပြ၍ (၇) ရက်အတွင်း ဖြေရှင်းတင်ပြရမည်။

(ဈ) စာရင်းစစ်အစီရင်ခံစာကို သတ်မှတ်အချိန်ကာလအတွင်း ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရန်နှင့် တင်ပြ နိုင်ခြင်းမရှိပါက အချိန်ကာလတစ်ရပ်သတ်မှတ်ပေးပါရန် ညွှန်ကြားရေးမှူးချုပ်ထံ တောင်းခံရမည်။

(ည) စစ်ဆေးရေးအဖွဲ့သည် စာရင်းစစ်အစီရင်ခံစာတင်ပြရာတွင် သက်ဆိုင်ရာစာရင်းစစ်ဆေးခံသူ၏ သဘောတူလက်ခံသည့်စာ သို့မဟုတ် ပြန်လည်ဖြေရှင်းသည့်စာကို ပူးတွဲတင်ပြရမည်။

(ဋ) စာရင်းစစ်ဆေးရန် ပြုစုရေးဆွဲထားသည့် စီမံချက်နှင့်အညီ စစ်ဆေးရမည်။

(ဌ) စစ်ဆေးရေးအဖွဲ့သည် စာရင်းစစ်ဆေးခံသူထံ စာရင်းစစ်ဆေးမည့်အကြောင်း **နောက်ဆက်တွဲ (က)** ပုံစံဖြင့် ကြိုတင်အကြောင်းကြားရမည်။

(ဍ) စစ်ဆေးရေးအဖွဲ့သည် တာဝန်ပေးအပ်လွှာနှင့်အတူ စာရင်းစစ်ဆေးမည့်စီမံချက်ကို စစ်ဆေးခံ သူထံ ပြသရမည်။

(ဎ) နှောင်းစာရင်းစစ်ဆေးခြင်းကို တာဝန်ပေးသည့်အမိန့် ထုတ်ပြန်သည့်နေ့မှ (၃) လအတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်။ သတ်မှတ်ကာလအတွင်း မပြီးပြတ်နိုင်ပါက ပြီးစီးရမည့် အချိန် မတိုင်မီ ရုံးချုပ်မှဖြစ်လျှင် (၇) ရက်အတွင်း၊ နယ်မြေရုံးများမှဖြစ်လျှင် (၁၄) ရက်အတွင်း တာဝန်ခံ ညွှန်ကြားရေးမှူးထံ **နောက်ဆက်တွဲ (ခ)** ပုံစံဖြင့် တင်ပြရမည်။

၄။ စစ်ဆေးရေးအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စာရင်းစစ်ဆေးခံသူ၏ပရိဝုဏ်အတွင်းရှိ မည်သည့်နေရာ၊ မည်သည့်ကုန်ပစ္စည်းကိုမဆို ဖွင့်ဖောက် စစ်ဆေးခြင်း၊ ချိပ်ပိတ်ခြင်းကို ဆောင်ရွက်နိုင်သည်။

(ခ) စာရင်းစစ်ဆေးခံသူ၏ လုပ်ငန်းလည်ပတ်မှုစနစ်နှင့် စာရင်းအင်းစနစ်တို့ကို ရှင်းပြပေးရန် တောင်းဆိုနိုင်သည်။

(ဂ) စစ်ဆေးခံသူက သတ်မှတ်ကာလအတွင်း ဖြေရှင်းနိုင်ခြင်းမရှိ၍ ကာလတိုးမြှင့်သတ်မှတ်ပေးပါရန် ခိုင်လုံသောအကြောင်းပြချက်ဖြင့် တင်ပြလာပါက (၇) ရက်ထက်မပိုသော ကာလတစ်ရပ် တိုးမြှင့်ပေးနိုင်သည်။

(ဃ) ကုန်ပစ္စည်းများတင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ၊ စာရင်းဇယားများ၊ အီလက်ထရောနစ်မှတ်တမ်းမှတ်ရာ အချက်အလက်များကို တင်ပြပေးရန် စာရင်းစစ်ဆေးခံသူထံမှ တောင်းဆိုနိုင်သည်။

(င) စာရင်းစစ်ဆေးခံသူထံမှ သတ်မှတ်ရက်အတွင်း ပြန်လည်ဖြေကြားခြင်းမရှိပါက စစ်ဆေးတွေ့ရှိချက်ကို အတည်ပြုနိုင်သည်။

(စ) စာရင်းစစ်ဆေးခံသူမှ လိုအပ်၍ စာရင်းထပ်မံစစ်ဆေးရန် တောင်းဆိုလာပါက သို့မဟုတ် ခိုင်လုံသောအခြားအကြောင်းပြချက် တစ်စုံတစ်ရာရှိပါက မူလစစ်ဆေးခဲ့သည့် စစ်ဆေးရေးအဖွဲ့အစား အဖွဲ့အသစ်ဖြင့် ထပ်မံစစ်ဆေးနိုင်သည်။

(ဆ) စာရင်းစစ်ဆေးမှုခံယူနေသူနှင့် ဆက်စပ်နေသော အခြားကုမ္ပဏီများကို စာရင်းစစ်ဆေးရန်နှင့် လိုအပ်၍ စာရင်းစစ်အချိန်ကာလ ပြောင်းလဲသတ်မှတ်ခြင်းတို့ကို တင်ပြဆောင်ရွက်နိုင်သည်။

၅။ ကွင်းဆင်းစစ်ဆေးရာတွင် အောက်ပါအချက်များအတိုင်းဆောင်ရွက်ရမည် -

(က) အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးမှုဆိုင်ရာအစီအမံများကို စနစ်တကျရေးဆွဲချမှတ်ခြင်း။

(ခ) စာရင်းစစ်ဆေးခံသူ၏ လုပ်ငန်းအတွင်း စီမံခန့်ခွဲမှုစနစ်နှင့် စွမ်းဆောင်ရည်ကို တိကျစွာ လေ့လာသုံးသပ်အကဲဖြတ်ခြင်း။

(ဂ) သတ်မှတ်ပြဋ္ဌာန်းထားသည့် စာရင်းစစ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းစစ်ဆေးခြင်းနှင့်ဆက်စပ်သော ခိုင်လုံသည့်စာရင်းဇယားများ၊ စာရွက်စာတမ်းအထောက်အထားများကိုရယူခြင်း။

(ဃ) စစ်ဆေးတွေ့ရှိချက်များသည် သတ်မှတ်ပြဋ္ဌာန်းထားသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆိုသည့်အချက်ပေါ်အခြေခံ၍ သဘောထားမှတ်ချက်များ၊ အကဲဖြတ်မှုများနှင့် ကောက်ချက်ချမှုများ ပြုလုပ်ခြင်း။

(င) စာရင်းစစ်လုပ်ဆောင်မှုမှတ်တမ်းများတွင် စစ်ဆေးသည့်စာရင်း၊ လုပ်ငန်းဆိုင်ရာအချက်အလက်များနှင့် စစ်ဆေးဆောင်ရွက်မှုများကို ပြည့်စုံစွာ မှတ်တမ်းတင်ထားခြင်း။

၆။ အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းအစီရင်ခံစာတွင် အောက်ပါအချက်များ ဖော်ပြပါရှိရမည် -

(က) စာရင်းစစ်ဆေးခြင်း၏ ရည်ရွယ်ချက်နှင့် စစ်ဆေးဆောင်ရွက်ခဲ့သည့်နယ်ပယ်။

(ခ) အကောက်ခွန်ဦးစီးဌာန၏ စာရင်းစစ်ဆေးရေး သတ်မှတ်ချက်များနှင့်အညီ စာရင်းစစ် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့မှုအခြေအနေ။

(ဂ) သတ်မှတ်ပြဋ္ဌာန်းထားသည့် စံနှုန်းများအပေါ် အခြေခံသုံးသပ်ထားသည့် ကိုက်ညီမှုအဆင့်။

(ဃ) စာရင်းစစ်အဖွဲ့၏ တွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက်များ။

၇။ အစီရင်ခံစာတွင် အထက်အပိုဒ် ၆၊ အပိုဒ်ခွဲ (ခ) နှင့် (ဂ) တို့နှင့်အညီ ပါဝင်ရမည့်အချက်များ မပါရှိပါက ယင်းအစီရင်ခံစာ၏စာကိုယ်တွင် အဆိုပါအချက်များ မပါဝင်ခြင်းကြောင့် မည်ကဲ့သို့သော ရလဒ်အကျိုးဆက်များ ဖြစ်ပေါ်နိုင်သည်ကို ရေးသားဖော်ပြရမည်။ စာရင်းစစ်ရလဒ်အစီရင်ခံစာကို **နောက်ဆက်တွဲ (ဂ)** ဖြင့် ရေးသားဖော်ပြရမည်။

၈။ အစစ်ဆေးခံသူသည် သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီခြင်းမရှိပါက အကောက်ခွန်ဦးစီးဌာန၏ စာရင်းစစ်ဆေးရေးသတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာတွင် ပြည့်စုံစွာထည့်သွင်းဖော်ပြရမည်။

## အခန်း (၃)
## စာရင်းစစ်ဆေးခံသူ၏ တာဝန်နှင့် အခွင့်အရေးများ

၉။ စာရင်းစစ်ဆေးခံသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မည်သည့်ပုံသဏ္ဌာန်နှင့်မဆို တည်ရှိသည့် ကုန်သွယ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်နေသော မှတ်တမ်းများ၊ ငွေစာရင်းနှင့်သက်ဆိုင်သည့်စာအုပ်များ၊ မှတ်တမ်းများနှင့် စာရွက်စာတမ်းများကို ခုနစ်နှစ် ထိန်းသိမ်းထားရှိရန်နှင့် ယင်းကာလမတိုင်မီ ကုမ္ပဏီအား ဖျက်သိမ်းမည်ဆိုပါက အစစ်ဆေး ခံနိုင်ရန် အကောက်ခွန်ဦးစီးဌာနသို့ (၃) လ ကြိုတင်၍ အကြောင်းကြားရမည်။

(ခ) နောင်းစာရင်းစစ်ဆေးရေးလုပ်ငန်းစဉ်များ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စာရင်းစစ်ဆေးခံသူမှ တာဝန်ခံကိုယ်စားလှယ် တစ်ဦး ခန့်အပ်ပေးရမည်။

(ဂ) စစ်ဆေးရေးအဖွဲ့ကို ပရိဝုဏ်အတွင်းသို့ ဝင်ရောက်ခွင့်ပြုရမည်။

(ဃ) အထက်အပိုဒ်ခွဲငယ် (က) ပါ မှတ်တမ်းမှတ်ရာများကို စစ်ဆေးရေးအဖွဲ့က တောင်းခံလာပါက တင်ပြပေးရန်နှင့် မိတ္တူကူးယူခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

(င) ပရိဝုဏ်အတွင်းရှိ မည်သည့်နေရာ၊ မည်သည့်ကုန်ပစ္စည်းကိုမဆို စစ်ဆေးရေးအဖွဲ့က ဖွင့်ဖောက် စစ်ဆေးခြင်း၊ ချိပ်ပိတ်ခြင်း၊ နမူနာအဖြစ်ယူဆောင်ခြင်းကို ခွင့်ပြုရမည်။ လိုအပ်သည့် စစ်ဆေးရေး ဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးရမည်။

(စ) နောင်းစာရင်းစစ်ဆေးခြင်း အစီရင်ခံစာအရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်ဆုံးဖြတ်ချက် များကို လိုက်နာရမည်။

(ဆ) အကောက်ခွန်ဆိုင်ရာ နောင်းစာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် လုပ်ဆောင်ချက်များကို မည်သည့်နည်းနှင့်မျှ နှောင့်ယှက်ဟန့်တားခြင်းမပြုဘဲ လက်ခံဆောင်ရွက်ရမည်။

(ဇ) အကောက်ခွန်ဆိုင်ရာ နောင်းစာရင်းစစ်ဆေးမှုတွေ့ရှိချက်များကို လက်ခံပြီး အတည်ပြုခြင်း သို့မဟုတ် ရှင်းလင်းဖြေကြားခြင်းပြုရမည်။

(ဈ) စာရင်းစစ်ဆေးခံသူမှ စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အပေါ် သဘောတူလက်ခံလျှင်ဖြစ်စေ၊ ငြင်းဆိုရန်အကြောင်းရှိလျှင်ဖြစ်စေ ကျိုးကြောင်းခိုင်လုံစွာဖော်ပြ၍ (၇) ရက်အတွင်း ပြန်ကြားပေးရမည်။

၁၀။ စာရင်းစစ်ဆေးခံသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စစ်ဆေးရေးအဖွဲ့အား တာဝန်ပေးအပ်ထားသည့်အမိန့်စာကို တောင်းခံနိုင်သည်။

(ခ) စစ်ဆေးရေးအဖွဲ့ဝင်များ ကုမ္ပဏီသို့ လာရောက်စစ်ဆေးချိန်တွင် ယင်းတို့၏သက်သေခံကတ်ကို တောင်းခံကြည့်ရှုနိုင်သည်။

(ဂ) စာရင်းစစ်ဆေးတွေ့ရှိချက်နှင့်စပ်လျဉ်း၍ မရှင်းလင်းသည့်အချက်များကို မေးမြန်းနိုင်သည်။

(ဃ) သတ်မှတ်ရက်အတွင်း စစ်ဆေးတွေ့ရှိချက်အား သဘောတူလက်ခံခြင်း သို့မဟုတ် ပြန်လည် ဖြေရှင်းခြင်းမပြုနိုင်ပါက ကာလတိုးမြှင့်ပေးရန် စစ်ဆေးရေးအဖွဲ့ထံ တောင်းဆိုနိုင်သည်။

## အခန်း (၄)
## စာရင်းစစ်ဆေးခြင်း

၁၁။ အကောက်ခွန်ဆိုင်ရာ နောင်းစာရင်းစစ်ဆေးခြင်းလုပ်ငန်းစဉ်ကို အောက်ဖော်ပြပါအဆင့် (၃) ဆင့်ဖြင့် ဆောင်ရွက်မည် -

(က) ပထမအဆင့်အနေဖြင့် စာရင်းစစ်ဆေးခံမည့် ကုမ္ပဏီ၊ လူပုဂ္ဂိုလ်၊ ကုန်ပစ္စည်း၊ ကုန်သွယ်မှုစာရွက် စာတမ်း မှတ်တမ်းမှတ်ရာများကို စိစစ်ရွေးချယ်ခြင်း။

(ခ) ဒုတိယအဆင့်အနေဖြင့် ကြိုတင်စာရင်း စစ်တမ်းကောက်ယူခြင်း၊ ပဏာမစာရင်းစစ်ဆေးခြင်း၊ ပရိဝုဏ်အတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်းအပါအဝင် မြေပြင်စာရင်း စစ်ဆေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုစနစ်များအား စစ်ဆေးခြင်း၊ ရရှိသည့်ရလဒ်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အပြီးသတ်အစီရင်ခံစာ ရေးသားတင်ပြခြင်း။

(ဂ) တတိယအဆင့်အနေဖြင့် စာရင်းစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်မှုအပေါ် ဌာနအတွင်း အကဲဖြတ်ဆန်းစစ်ခြင်းနှင့် အစစ်ဆေးခံမည့်သူမှ ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စောင့်ကြည့်ခြင်း။

၁၂။ သတင်းစုဆောင်းတည်ဆောက်ရာတွင် အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန် အောက်ဖော်ပြပါအတိုင်း သတင်းစုဆောင်းတည်ဆောက်ရမည် -

(က) အကောက်ခွန်ရုံးတွင်း၊ ရုံးပြင် သတင်းလမ်းကြောင်းများကို တည်ဆောက်ခြင်း။

(ခ) စုဆောင်းရမည့်သတင်းအချက်အလက်များ။

(ဂ) သတင်းအခြေအမြစ်များမှ သတင်းရယူခြင်း။

(ဃ) သတင်းအချက်အလက်များအား ထိန်းချုပ်ခြင်း။

၁၃။ ဆုံးရှုံးမှုဖြစ်နိုင်ခြေ အလားအလာပေါ်မူတည်၍ စာရင်းစစ်ဆေးခံသူကို ရွေးချယ်ရာတွင် အောက်ပါအချက်များအပေါ်အခြေခံ၍ ရွေးချယ်မည် -

(က) စာရင်းစစ်ဆေးခံသူ၏ အချက်အလက်မှတ်တမ်းဇယား **[နောက်ဆက်တွဲ (ဃ)]**

(ခ) လုပ်ငန်းဆောင်ရွက်မှု အချက်အလက်မှတ်တမ်းဇယား **[နောက်ဆက်တွဲ (င)]**

(ဂ) ပေးဆောင်ခဲ့သည့် အကောက်ခွန်နှင့် အခြားအခွန်အခများ။

(ဃ) တင်သွင်းခဲ့သည့်အကောက်ခွန်တန်ဖိုးပမာဏ။

(င) အကောက်ခွန်နှုန်းမြင့်မားသည့် ကုန်ပစ္စည်းများ။

(စ) တန်ဖိုးကြေညာမှုအနေအထား။

(ဆ) ပင်ရင်းနိုင်ငံ၊ ထုတ်လုပ်သည့်နိုင်ငံ။

(ဇ) ကုန်ပစ္စည်း၏သဘောသဘာဝ။

(ဈ) ထူးခြားသည့်အခြေအနေ၊ သတင်းအချက်အလက်တို့အပေါ်မူတည်၍ စာရင်းစစ်ဆေးခြင်း။

(ည) အခြားသော ဆုံးရှုံးမှုဖြစ်နိုင်ခြေ အလားအလာညွှန်းကိန်းများ။

၁၄။ စာရင်းစစ်ဆေးရေးနည်းလမ်းများ ရယူရာတွင် အခြေခံအချက်အလက်များ ခွဲခြမ်းစိတ်ဖြာရာမှ ရရှိလာသည့် တွေ့ရှိချက်များကိုစုစည်း၍ စိစစ်သုံးသပ်ပြီးနောက် စာရင်းစစ်ဆေးမည့်နည်းလမ်းနှင့် စာရင်းစစ်ဆေးရမည့် အချက်အလက်များကို သတ်မှတ်ရမည်။ စာရင်းစစ်အဖွဲ့သည် ဘဏ္ဍာရေးရှင်းတမ်းပါ ဖော်ပြချက်များနှင့်အညီ စစ်ဆေးရေး၊ ရည်မှန်းချက်များ ပြည့်မြောက်စေရေးအတွက် အောက်ပါ စစ်ဆေးရေးနည်းလမ်းများအနက် သင့်လျော်သည့်နည်းလမ်းကို ရွေးချယ်ရမည် -

(က) မျက်မြင်ကြည့်ရှုစစ်ဆေးခြင်း (Physical Examination)

(ခ) အတည်ပြုချက်ရယူစစ်ဆေးခြင်း (Confirmation)

(ဂ) တိုက်ဆိုင်စစ်ဆေးခြင်း (Vouching)

(ဃ) ပြန်လည်တွက်ချက်စစ်ဆေးခြင်း (Recomputing)

(င) ခြေရာကောက်စစ်ဆေးခြင်း (Tracing)

(စ) အကြမ်းအားဖြင့် လွှမ်းခြုံကြည့်ရှု၍စစ်ဆေးခြင်း (Scanning)

(ဆ) မေးမြန်းစုံစမ်းသည့်နည်းဖြင့်စစ်ဆေးခြင်း (Enquiring)

(ဇ) စောင့်ကြည့်လေ့လာသည့်နည်းဖြင့်စစ်ဆေးခြင်း (Observing)

(ဈ) ခွဲခြမ်းစိတ်ဖြာစိစစ်သည့်နည်းဖြင့်စစ်ဆေးခြင်း (Analysing)

(ည) ကိုက်ညှိချက်ပြုလုပ်ကြည့်ခြင်းနည်းဖြင့်စစ်ဆေးခြင်း (Reconciling)

(ဋ) ဖြစ်စဉ်နှင့်လုပ်ငန်းစဉ်ပြပုံ ရေးဆွဲစိစစ်ခြင်း (Flow Charting)

၁၅။ အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းပြုလုပ်ရာတွင် အောက်ပါအချက်များကို အဓိက ထား၍ ထုတ်ကုန်ကြေညာလွှာနှင့် သွင်းကုန်ကြေညာလွှာကို စိစစ်မည်ဖြစ်သည် -

(က) အခွန်ကိုအခြေခံသော ဆက်နွယ်သည့်အရာများ။

(ခ) အကောက်ခွန်နှုန်းကို အခြေခံသော ဆက်နွယ်သည့်အရာများ။

(ဂ) အခွန်ငွေပမာဏနှင့် ဆက်နွယ်သည့်အရာများ။

(ဃ) အခြားသောအချက်များ။

၁၆။ အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးခြင်းပြုလုပ်ရာတွင် စာရင်းစစ်ဆေးခံသူနှင့်ပတ်သက် သော အောက်ပါလုပ်ငန်းနှင့် နေရာများကို စစ်ဆေးရမည် -

(က) ကုန်တင်သွင်းခြင်းလုပ်ငန်း။

(ခ) ကုန်တင်ပို့ခြင်းလုပ်ငန်း။

(ဂ) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။

(ဃ) သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း။

(င) အခွန်ဆောင်ရမည့်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း။

(စ) ကုန်ပစ္စည်းယာယီထားသိုသည့်နေရာ။

(ဆ) အာမခံဖြင့်ထားသိုသည့်နေရာ။

(ဇ) အာမခံကုန်လှောင်ရုံဖြင့် ထားသိုသည့်နေရာ။

(ဈ) အခွန်ဆောင်ရမည့်ပစ္စည်း ထားသိုသည့်နေရာ။

၁၇။ ကွင်းဆင်းစစ်ဆေးရာတွင် အောက်ပါကိစ္စရပ်များကို အဓိကထား၍ စစ်ဆေးရမည် -

(က) လုပ်ငန်းအတွင်း စီမံခန့်ခွဲခြင်း။

(ခ) လုပ်ငန်းလည်ပတ်မှုစနစ်။

(ဂ) စာရွက်စာတမ်းသွားလာမှုစနစ်။

(ဃ) ကုန်ပစ္စည်းရွှေ့ပြောင်းမှုစနစ်။

(င) ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုစနစ်များ။

(စ) ဘဏ္ဍာရေးရှင်းတမ်းများစစ်ဆေးခြင်းနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှု စစ်ဆေးခြင်း။

(ဆ) စစ်ဆေးရမည့်စာအုပ်များ၊ မှတ်တမ်းများနှင့် စာရွက်စာတမ်းများ။

(ဇ) တတိယအဖွဲ့အစည်းများကို စာရင်းစစ်ခြင်း။

၁၈။ စာရင်းစစ်ဆေးရေးအဖွဲ့သည် မူလမျှော်မှန်းထားသည့် မသမာမှုအများဆုံးပြုလုပ်နိုင်ခြေရှိသည့် နယ်ပယ်၊ ဖြစ်ရပ်၊ စာရင်းဇယား ကွာခြားချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို ပြန်လည်သုံးသပ်အကဲဖြတ်မှု ထပ်မံလုပ်ဆောင်ရမည်။

**အခန်း (၅)**

**အထွေထွေ**

၁၉။ အခွန်ငွေလျော့နည်းပေးဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေ ပုဒ်မ ၃၉ အရ အကောက်ခွန်စည်းကြပ်သည့်နေ့မှ ခုနစ်နှစ်အတွင်း ထိုလျော့နည်းငွေကို ပြန်လည်ပေးသွင်းရန် အကောက်ခွန်ဦးစီးဌာနက တောင်းဆိုလျှင် စစ်ဆေးခံသူမှ ပြန်လည်ပေးသွင်းရမည်။

၂၀။ အခွန်ငွေကိုမှားယွင်း၍ ပိုမိုပေးဆောင်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၄၀ အရ အဆိုပါ အကောက်ခွန်ပေးသွင်းသည့်နေ့မှ တစ်နှစ်အတွင်း ထိုပိုမိုပေးဆောင်ထားငွေကို အစစ်ဆေးခံသူမှတောင်းခံလာပါက အကောက်ခွန်ဦးစီးဌာနမှ ပြန်လည် ပေးအမ်းရမည်။

၂၁။ အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးရေးအဖွဲ့က ချမှတ်သည့် အမိန့်တစ်စုံတစ်ရာ သို့မဟုတ် ဆုံးဖြတ်ချက်တစ်စုံတစ်ရာသည် နစ်နာစေသည်ဟုထင်မြင်သူ မည်သူမဆို အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ တစ်လအတွင်း ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၈ အရ ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်ရောက်နိုင်သည်။ အယူခံဝင်ရောက်သူသည် ကျသင့်အခွန်အခများကို ပေးဆောင်ထားပြီးဖြစ်ရမည်။

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ အကောက်ခွန်ဦးစီးဌာန စာရင်းစစ်တာဝန်ခံ၊ ကုမ္ပဏီ သို့မဟုတ် အခြားအေဂျင်စီက သတင်းပေးမှု၊ တောင်းဆိုမှုတို့အပေါ် အခြေခံ၍ အရေးပေါ် စာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်စေနိုင်သည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

**နောက်ဆက်တွဲ (က)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

စာအမှတ်၊
ရက်စွဲ၊ ၂၀၁၆ ခုနှစ် လ ရက်

သို့

-----------------------
-----------------------
-----------------------

အကြောင်းအရာ။ **အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးမည် ဖြစ်ကြောင်း အကြောင်းကြားခြင်း**

၁။ လူကြီးမင်းကုမ္ပဏီ၏ သွင်းကုန်/ထုတ်ကုန်ဆောင်ရွက်မှုကိစ္စများနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ .......... ဦး/ဒေါ်......... ဦးစီးသော

အဖွဲ့ဝင်အရာရှိ (        ) ဦးပါဝင်သည့် စာရင်းစစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးမည်ဖြစ်ပါသဖြင့် အောက်ပါစာရင်းဇယားများကို အသင့်ပြင်ဆင်ထားပါရန် အကြောင်းကြားအပ်ပါသည် -

(က) (              ) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းနှင့်စပ်ဆိုင်သော အထောက်အထားများဖြစ်သည့် (Business Related) ပြည်ပကုမ္ပဏီများနှင့် စာပေးစာယူကိစ္စများ (Correspondences)၊ ကုန်ရောင်းကုန်ဝယ်စာချုပ်စာတမ်းများ (Contracts)၊ ဈေးနှုန်းကိုးကားချက်များ (Quotations)၊ ကုမ္ပဏီနှင့် ပတ်သက်သည့်အကြောင်းအချက်များ (Company Outlines)၊ နှင့်အခြားပတ်သက်သည့်စာရင်းဇယား မှတ်တမ်းများ။

(ခ) (              ) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ငွေစာရင်းနှင့်စပ်ဆိုင်သော အထောက်အထား မှတ်တမ်းများဖြစ်သည့် (Account Related)၊ မူလဇာစ်မြစ်အထောက်အထားများဖြစ်သည့် ကုန်အဝယ်အမှာစာများ (Purchase Orders)၊ ဈေးနှုန်းလွှာများ (Quotations)၊ ကုန်တန်ဖိုးစာရင်းများ (Invoices)၊ သင်္ဘောတင်စာရွက်စာတမ်းများ (Shipping Documents)၊ ဘဏ်ငွေပေးချေမှုစာရင်းရှင်းတမ်းများ၊ ဘောက်ချာများ၊ ငွေစာရင်းစာအုပ်များ (Account Books)၊ စာရင်းပိတ်မှတ်တမ်းများ (Closing Accounts)၊ အခြားအုပ်ချုပ်မှုနှင့် စီမံလျာထားမှု သတင်းအချက်အလက်များ (Management and Planning Informations)။

(ဂ) စတင်စစ်ဆေးမည့်နေ့ရက် .........................................

(ဃ) ခန့်မှန်းစာရင်းစစ်ကာလ (                    ) ရက်နေ့မှ (                    ) ရက်နေ့ထိ

(င) စစ်ဆေးမည့်နေရာ ...............................................

၂။ ဤအကြောင်းကြားစာအား လက်ခံရရှိကြောင်း ပြန်ကြားပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
တာဝန်ခံညွှန်ကြားရေးမှူး

**နောက်ဆက်တွဲ (ခ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

စာအမှတ်၊
ရက်စွဲ၊ ၂၀၁၆ ခုနှစ်        လ      ရက်

သို့
တာဝန်ခံ
ညွှန်ကြားရေးမှူး

အကြောင်းအရာ။ **အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးသည့်ကာလ တိုးမြှင့်ပေးရန် တင်ပြခြင်းကိစ္စ**

ရည်ညွှန်းချက်။ ....................................................................................................
..................
....................................................................................................
.......

၁။ ရည်ညွှန်းအမိန့်စာအရ အကောက်ခွန်ဆိုင်ရာ နှောင်းစာရင်းစစ်ဆေးမှုများ ပြုရာတွင် ပြီးဆုံးရမည့် ရက်မှာ ( ) ရက်နေ့ဖြစ်ပါသည်။ လက်တွေ့ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အခက်အခဲများနှင့် ကြုံတွေ့လျက်ရှိပါသည်-

(က)

..............................................................................................................

(ခ)

..............................................................................................................

(ဂ)

..............................................................................................................

၂။ သို့ဖြစ်ပါ၍ စာရင်းစစ်ကာလပြီးဆုံးရမည့် ( ) ရက်နေ့မှ ( ) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

(................)၊

...........................

စာရင်းစစ်အဖွဲ့ခေါင်းဆောင်

မိတ္တူကို

- မန်နေဂျာ
- ............... ကုမ္ပဏီ

**နောက်ဆက်တွဲ (ဂ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

စာအမှတ်၊

ရက်စွဲ၊ ၂၀၁၆ ခုနှစ် လ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်

အကောက်ခွန်ဦးစီးဌာန

အကြောင်းအရာ။ **PCA စာရင်းစစ်အစီရင်ခံစာတင်ပြခြင်း**

ကုမ္ပဏီအမည် ..............................................................................

လိပ်စာ ..............................................................................

..............................................................................

စာရင်းစစ်ဆေးသည့်ရုံး ..............................................................................

**စာရင်းစစ်အဖွဲ့ဝင်များ**

၁။ စာရင်းစစ်အဖွဲ့ခေါင်းဆောင် ........................................................................................

၂။ စာရင်းစစ်အဖွဲ့ ဒုတိယခေါင်းဆောင် ...........................................................................

၃။ စာရင်းစစ်အဖွဲ့ဝင်အမှတ် (၁) ..................................................................................

၄။ စာရင်းစစ်အဖွဲ့ဝင်အမှတ် (၂) ..................................................................................

.................................................................. ရက်နေ့ ........................................................ တွင် ................................................................ ရုံး၌ ရေးသားပြုစုသည့် စာရင်းစစ်အစီရင်ခံစာကို ပူးတွဲပါ ................................................ အတိုင်း တင်ပြအပ်ပါသည်။

| စာရင်းစစ်အဖွဲ့ဒုတိယခေါင်းဆောင် | စာရင်းစစ်အဖွဲ့ခေါင်းဆောင် |
|---|---|
| ................................................. | ................................................. |
| ကိုယ်ပိုင်အမှတ် ........................... | ကိုယ်ပိုင်အမှတ် ........................... |

၁။ ကောက်ချက်ချခြင်းများနှင့် ထောက်ခံအကြံပြုခြင်းများ (Conclusions and Recommendations)

၁. ၁။ ကောက်ချက်ချခြင်းများ (Conclusions)

၁. ၂။ ထောက်ခံအကြံပြုချက်များ (Recommendations)

၂။ ကုမ္ပဏီကို ခြုံငုံကြည့်ရှုခြင်း (An Overview of the Company)

၂. ၁။ အသင်းအဖွဲ့ဆိုင်ရာအချက်အလက်များ (Cooperate Data)

၂. ၂။ လုပ်ငန်းအမျိုးအစား (Line of Business)

၃။ စာရင်းစစ်တွေ့ရှိချက်များကိုဖော်ပြခြင်း (Description of Audit Findings)

၃. ၁။ နောက်ခံဥပဒေ (Legal grounds)

၃. ၂။ စာရင်းစစ်ရည်ရွယ်ချက် (Audit Objective)

၃. ၃။ စာရင်းစစ်ဆေးမှု၏ သဘာဝနှင့် အကျုံးဝင်မှု (Nature and scope of audit)

၃. ၄။ စာရင်းစစ်လုပ်ငန်းစဉ်များ (Audit procedures)

၃. ၅။ စာရင်းစစ်တွေ့ရှိချက်များ (Audit Findings)

၃-၅-၁။ ........................................................

၃-၅-၂။ ........................................................

၃-၅-၃။ ........................................................

၃-၅-၄။ ........................................................

၃-၅-၅။ ........................................................

၃-၅-၆။ ........................................................

၃-၅-၇။ ........................................................

ပူးတွဲပါစာရွက်စာတမ်းများ

........................................................................................................................................

........................................................................................................................................

........................................................................................................................................

........................................................................................................................................

နောက်ဆက်တွဲ (ဃ)

## စာရင်းစစ်ဆေးခံသူ၏ အချက်အလက်မှတ်တမ်းဇယား

| အမျိုးအစား | လေ့လာမည့်အကြောင်းအရာ | အချက်အလက်ရရှိနိုင်သည့်အရင်းအမြစ် |
|---|---|---|
| ကုမ္ပဏီအကြောင်းအရာ ဖော်ပြချက်အကျဉ်း | လိပ်စာ | သွင်းကုန် (တန်ဖိုး) ကြေညာလွှာနှင့် အထောက်အထားစာရွက်စာတမ်းများ (Invoice စသည့်) |
| | Status အရင်းအနှီးစုစပ်၊ စီးပွားရေး လုပ်ငန်းအမယ်များ၊ လုပ်ငန်းလုပ်ဆောင် သည့် စာရင်းစစ်ကာလ (နှစ်) (Auditing Yr) | -ပြီးခဲ့သောစာရင်းစစ်မှတ်တမ်းများ -ထုတ်ပြန်ချက်များနှင့် အခြားသတင်း ရနိုင်သော အခြေအမြစ်များ |
| | ဖွဲ့စည်းပုံ | -ပြီးခဲ့သောစာရင်းစစ်မှတ်တမ်းများ -ထုတ်ပြန်ချက်များနှင့် အခြားသတင်း ရနိုင်သော အခြေအမြစ်များ |
| | စာရင်းထားသိုမှုစနစ် | -ပြီးခဲ့သောစာရင်းစစ်မှတ်တမ်းများ -ထုတ်ပြန်ချက်များနှင့် အခြားသတင်း ရနိုင်သော အခြေအမြစ်များ |
| | စီးပွားရေးလုပ်ဆောင်မှု | -ပြီးခဲ့သောစာရင်းစစ်မှတ်တမ်းများ -ထုတ်ပြန်ချက်များနှင့် အခြားသတင်း ရနိုင်သော အခြေအမြစ်များ |
| လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာအချက်အလက် အကျဉ်းချုပ် | စုစုပေါင်းတင်သွင်းသည့်အရေအတွက် နှင့် ပမာဏ | သွင်းကုန်ကြေညာလွှာ၊ တန်ဖိုးကြေညာ လွှာနှင့် အခြားအထောက်အပံ့ပြု စာရွက်များ |
| | အဓိကကုန်ပစ္စည်းတင်ပို့ရာနေရာ စုစုပေါင်းပမာဏနှင့် အရေအတွက် | သွင်းကုန်ကြေညာလွှာ၊ တန်ဖိုးကြေညာ လွှာနှင့် အခြားအထောက်အပံ့ပြု စာရွက်များ |
| | ပတ်သက်ဆက်နွှယ်လျက်ရှိသော လုပ်ငန်းအဖွဲ့အစည်းတို့အကြား လုပ်ငန်းဆောင်ရွက်မှုများ | သွင်းကုန်ကြေညာလွှာ၊ တန်ဖိုးကြေညာ လွှာနှင့် အခြားအထောက်အပံ့ပြု စာရွက်များ |
| | တင်သွင်းပစ္စည်းရောင်းချသူနှင့် ပို့ကုန် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းမှတ်ရာများ | ပို့ကုန်ကြေညာလွှာများ၊ Publications ထုတ်ပြန်ချက်များနှင့် အခြား Data ရနိုင်သော အခြေအမြစ်များ |
| အခြား | ပြီးခဲ့သောစာရင်းစစ်မှတ်တမ်းများ | ပို့ကုန်ကြေညာလွှာများ၊ Publications ထုတ်ပြန်ချက်များနှင့် အခြား Data ရနိုင်သော အခြေအမြစ်များ |
| | ပြီးခဲ့သောပြစ်မှုမှတ်တမ်းများ | ပို့ကုန်ကြေညာလွှာများ၊ Publications ထုတ်ပြန်ချက်များနှင့် အခြား Data ရနိုင်သော အခြေအမြစ်များ |
| | ရုံးတွင်း/ပြင် သတင်းအချက်အလက် စုံစမ်းရရှိမှု | ပို့ကုန်ကြေညာလွှာများ၊ Publications ထုတ်ပြန်ချက်များနှင့် အခြား Data ရနိုင်သော အခြေအမြစ်များ |
| | အခြားရုံးတွင်း/ပြင် အချက်အလက်ရရှိမှု | ပို့ကုန်ကြေညာလွှာများ၊ Publications ထုတ်ပြန်ချက်များနှင့် အခြား Data ရနိုင်သော အခြေအမြစ်များ |

နောက်ဆက်တွဲ (င)

## လုပ်ငန်းဆောင်ရွက်မှုအချက်အလက်မှတ်တမ်းဇယား

| အမျိုးအစား | စစ်တမ်းကောက်ယူမည့်အချက်များ | အချက်အလက်ရရှိနိုင်သည့်အရင်းအမြစ် |
|---|---|---|
| ဈေးနှုန်း | ဈေးနှုန်းနှင့် ဆက်နွယ်နေသောအချက်များ (ဈေးနှုန်း၊ ပစ္စည်းဖြန့်ဝေခြင်း၊ ငွေပေးခြင်း) | သွင်းကုန် (တန်ဖိုး) ကြေညာလွှာနှင့် အထောက်အပံ့ပြု စာရွက်စာတမ်းများ (Invoice ကုန်အမှာစာ စသည်) |
| | ကုန်တင်ဆောင်ခနှင့် အာမခံကြေး၊ ယင်းကိုလက်ခံသူများ | သွင်းကုန် (တန်ဖိုး) ကြေညာလွှာနှင့် အထောက်အပံ့ပြု စာရွက်စာတမ်းများ (Invoice ကုန်အမှာစာ စသည်) |
| | ကြေညာတန်ဖိုးအတက်အကျရှိခြင်း | သွင်းကုန် (တန်ဖိုး) ကြေညာလွှာနှင့် အထောက်အပံ့ပြု စာရွက်စာတမ်းများ (Invoice ကုန်အမှာစာ စသည်) |
| | ထပ်တူညီပစ္စည်း (သို့) အလားတူပစ္စည်း၏ တန်ဖိုးနှင့်နှိုင်းယှဉ်ခြင်း (ရှိခဲ့လျှင်) | -အခြားတင်သွင်းသူ၏ ကြေညာလွှာများနှင့်<br>-အထောက်အပံ့ပြုသည့်စာရွက်စာတမ်းများ<br>-ဈေးနှုန်းစာရင်း/အခြေပြုသတင်းစနစ်(Database) |
| | ပြည်ပနှင့်ပြည်တွင်းဈေးကွက်ဈေးနှုန်းနှင့်ပြန်လည် ရောင်းချရာတွင်ရရှိသည့် အမြတ်အချိုး (If any) | သတင်းထုတ်ပြန်ချက်များ (Publications) |
| | တန်ဖိုးကြေညာလွှာလျှောက်ထားမှု၊ တန်ဖိုး ကြေညာလွှာနှင့် ယင်းတွင်ပါဝင်သည်တို့ကိုအသုံးချခြင်း | သွင်းကုန်တန်ဖိုး ကြေညာလွှာများနှင့် ယင်းကိုထောက်ပံ့မှု ပြုသောစာရွက်စာတမ်းများ (Invoice စသည်) |
| ကုန်သွယ်မှု ပမာဏနှင့် ကြေညာသည့် အရေအတွက် | အရေအတွက်၊ ပမာဏနှင့် နံပါတ်တင်သွင်း လာသည့်ပစ္စည်းတစ်မျိုးချင်း၏ အရေအတွက်နှင့် ကြေညာသည့်အကြိမ်(သို့မဟုတ်) (HS Code အရ) | သွင်းကုန်တန်ဖိုး ကြေညာလွှာများနှင့် ယင်းကိုထောက်ပံ့မှု ပြုသောစာရွက်စာတမ်းများ (Invoice စသည်) |
| | အရေအတွက်၊ ပမာဏနှင့်နံပါတ် (Exporter တစ်ဦးအတွက်) | သွင်းကုန်တန်ဖိုး ကြေညာလွှာများနှင့် ယင်းကိုထောက်ပံ့မှု ပြုသောစာရွက်စာတမ်းများ (Invoice စသည်) |
| အကောက်ခွန်နှုန်း ဇယားအရ အမျိုးအစား ခွဲခြားခြင်း | Tariff Codes (HS) of Imported Item တင်သွင်းပစ္စည်း၏ HS Code (သင်္ကေတအမှတ်အသား) | တင်သွင်းပစ္စည်း (တန်ဖိုး) ကြေညာလွှာများနှင့် အထောက်အပံ့ပြုသည့် စာရွက်စာတမ်းများ (Invoice စသည်)<br>-အကောက်ခွန်နှုန်းဇယားစာအုပ် (Tariff Schedule) |
| | အကောက်ခွန်နှုန်းများ (တင်သွင်းပစ္စည်းများ၏) | တင်သွင်းပစ္စည်း (တန်ဖိုး) ကြေညာလွှာများနှင့် အထောက်အပံ့ပြုသည့် စာရွက်စာတမ်းများ (Invoice စသည်)<br>-အကောက်ခွန်နှုန်းဇယားစာအုပ် (Tariff Schedule) |
| တင်သွင်းခြင်း၊ တင်ပို့ခြင်းနှင့် ပတ်သက်သည့် ကန့်သတ်မှုများ | တင်သွင်းပစ္စည်းနှင့်ပတ်သက်နေသော သွင်းကုန်ကန့်သတ်ချက်များ (ရှိခဲ့လျှင်) | သွင်းကုန်(တန်ဖိုး)ကြေညာလွှာများနှင့် ယင်းကို ထောက်ပံ့မှု ပြုသောစာရွက်စာတမ်းများ (Invoice စသည်) |
| | တင်ပို့ရာနိုင်ငံတွင် တင်ပို့ခြင်းနှင့်ပတ်သက်သော ကန့်သတ်ချက်များ (ရှိခဲ့လျှင်) | သတင်းထုတ်ပြန်ချက်များ |

**နောက်ဆက်တွဲ (င) အဆက်**

| အမျိုးအစား | စစ်တမ်းကောက်ယူရမည့်အချက်များ | အချက်အလက်ရရှိနိုင်သည့်အရင်းအမြစ် |
|---|---|---|
| တင်ပို့ရာနိုင်ငံ | တင်ပို့ရာနိုင်ငံနှင့် တင်ပို့သည့်နေရာ | သွင်းကုန် (တန်ဖိုး) ကြေညာလွှာများနှင့် ယင်းကိုထောက်ပံ့မှုပြုသောစာရွက်စာတမ်းများ (Invoice စသည်) |
| | ထုတ်လုပ်သည့်နေရာနှင့် ပစ္စည်း စုဆောင်းသည့်နေရာ | သွင်းကုန် (တန်ဖိုး) ကြေညာလွှာများနှင့် ယင်းကိုထောက်ပံ့မှုပြုသောစာရွက်စာတမ်းများ (Invoice စသည်) |
| | တင်ပို့ရာနိုင်ငံ၏ပြည်တွင်းအခြေအနေများ | သွင်းကုန် (တန်ဖိုး) ကြေညာလွှာများနှင့် ယင်းကိုထောက်ပံ့မှုပြုသောစာရွက်စာတမ်းများ (Invoice စသည်) |
| တင်ပို့သူ | တင်ပို့သူ၏အမည် | သွင်းကုန် (တန်ဖိုး) ကြေညာလွှာများနှင့် ယင်းကိုထောက်ပံ့မှုပြုသောစာရွက်စာတမ်းများ (Invoice စသည်) |
| | ထပ်တူညီပစ္စည်း (သို့မဟုတ်) အလားတူ ပစ္စည်းတင်ပို့သူအမည် (ရှိခဲ့လျှင်) | သွင်းကုန် (တန်ဖိုး) ကြေညာလွှာများနှင့် ယင်းကိုထောက်ပံ့မှုပြုသောစာရွက်စာတမ်းများ (Invoice စသည်) |
| အခြား | တင်သွင်းပစ္စည်း၏အသေးစိတ်ဖော်ပြချက် (သဘာဝ၊ ပုံစံ၊ အရည်အသွေးနှင့်အသုံးချပုံ) | -သွင်းကုန်(တန်ဖိုး) ကြေညာလွှာများနှင့် အထောက်အထားပြု စာရွက်စာတမ်းများ (Invoice စသည်)<br>-အဝင်စစ်ဆေးမှုမှတ်တမ်း |
| | အကောက်ခွန် ရှင်းလင်းထုတ်ယူရာတွင် စာရွက်စာတမ်းနှင့်မျက်မြင်စစ်ဆေးသည့် အခြေအနေ | အဝင်စစ်ဆေးမှုမှတ်တမ်း |
| | ကုန်သွယ်သည့်ပစ္စည်းအမျိုးအစား၊ ကုန်တင်ပို့သူနှင့်တင်ပို့ရာနိုင်ငံတွင် ရှိခဲ့သည့် ပြစ်မှုနှင့် မှားယွင်းမှုများအခြေအနေ | အကောက်ခွန်ပြစ်မှုများအတွက် စုံစမ်း စစ်ဆေးမှုမှတ်တမ်းများ |
| | အတွင်း/အပြင်ရရှိသည့်သတင်းအချက် အလက်များ | အထွေထွေအချက်များ (Miscellaneous) |
| | အခြား အတွင်း/အပြင် အခြေပြုစာရင်းရရှိမှု | အထွေထွေအချက်များ (Miscellaneous) |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်<br>( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်)

အမှတ် ၂၉/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ပြစ်ဒဏ်စီရင်ချက်အရ ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည် -

| | | | |
|---|---|---|---|
| ကြည်း ၆၀၅၁၃ | ဗိုလ်ကြီး | စိုင်းလွင်ထူး | ၁၃-၃-၂၀၁၇ |
| ကြည်း ၂၆၀၆၁ | ဒုတိယဗိုလ်မှူးကြီး | ခင်ဇော်ထွန်း | ၁၅-၃-၂၀၁၇ |

အမှတ် ၃၀/၂၀၁၇ ။ ။ အောက်ပါအရာရှိများအား အကျဉ်းစစ်တရားရုံးချုပ်၏ပြစ်ဒဏ်စီရင်ချက်အရ ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည် -

| | | | |
|---|---|---|---|
| ကြည်း ၅၆၆၀၆ | ဗိုလ် | ရဲရင့်နိုင် | ၂၄-၂-၂၀၁၇ |
| ကြည်း ၅၂၁၂၇ | ဗိုလ်ကြီး | မောင်လွင် | ၆-၃-၂၀၁၇ |
| ကြည်း ၄၀၈၉၁ | ဗိုလ်ကြီး | ဇော်ထူးနိုင် | ၁၀-၃-၂၀၁၇ |

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်)

အမှတ် ၃၁/၂၀၁၇ ။ ။ ကြည်း ၄၃၈၀၆၊ ဗိုလ်ကြီး ထက်အောင်လွင် အား အကျဉ်းစစ်တရားရုံးချုပ်၏ ပြစ်ဒဏ်စီရင်ချက်အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှစ၍ တပ်မတော် (ကြည်း) တွင် စစ်မှုထမ်းခြင်းမှ ရှုတ်ချ၍ အမြဲတမ်းထုတ်ပစ်လိုက်သည်။

**(ရေတပ်ဌာနစု)**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက် )

အမှတ် ၃/၂၀၁၇ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၇၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှအစပြု၍ တပ်မတော်(ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

(၁) စိုးတင့် ရေ ၅၂၇၇

(၂) မြင့်မောင် ရေ ၅၂၇၈

(၃) သန်းအောင် ရေ ၅၂၇၉

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**သစ်တောဦးစီးဌာန**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

အမှတ် ၃၂ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၀၇) ဖြင့် ရာထူးတိုးမြှင့်ပေးခဲ့သော အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖေချစ်၏ ညွှန်ကြားရေးမှူးရာထူးစတင်တိုးမြှင့်ခန့်ထားသည့်ရက်နေ့အား ညွှန်ကြားရေးမှူးအလုပ်တာဝန် စတင်ထမ်းဆောင်ကြောင်း သတင်းပို့သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သတ်မှတ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

အမှတ် ၈၁ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆) ဖြင့် ရာထူးတိုးမြှင့်ပေးခဲ့သော ဦးစီးရုံးချုပ်၊ စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် (၁) အား ညွှန်ကြားရေးမှူးအလုပ်တာဝန် စတင်ထမ်းဆောင်ကြောင်း သတင်းပို့သည့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ ညနေပိုင်းမှစ၍ သတ်မှတ်လိုက်သည်။

အမှတ် ၈၂ ။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၄/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂(၂)/၀၁ (က) (၅၈၀/၂၀၁၇)တို့အရ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ ဘဏ္ဍာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွဲ့နွဲ့အေး အား သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးနေရာသို့ ညွှန်ကြားရေးမှူးအလုပ်တာဝန် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၈၃ ။ ။ ညွှန်ကြားရေးမှူး ဒေါ်နွဲ့နွဲ့အေး အား သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ ဘဏ္ဍာရေး ဌာနတွင်ပင် နေရာချထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

အမှတ် ၈၇ ။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၈၂) ဖြင့် ရာထူးတိုးမြှင့်ပေးခဲ့သော ဦးစီးရုံးချုပ်၊ ဘဏ္ဍာရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နွဲ့နွဲ့အေး အား ညွှန်ကြားရေးမှူးအလုပ်တာဝန် စတင်ထမ်းဆောင်ကြောင်း သတင်းပို့သည့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၅၈/၂၀၁၇)**
၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

**သစ်မွှေးထွက်ပစ္စည်းများ၏ အမျိုးအမည်၊ ဒေသပေါက်ဈေးနှုန်းနှင့် အခွန်တော်နှုန်းသတ်မှတ်ခြင်း**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၃/၁၆(ဃ)/ (၈၅၉/၂၀၁၇) အရ သစ်တောနယ်မြေနှင့် သစ်တော မြေပြင်ပတို့တွင် စိုက်ပျိုးထားရှိပြီး၊ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ဆောင်ရွက်ထားသည့် သစ်မွှေးပင်များ ခုတ်လှဲထုတ်လုပ်မှုနှင့်ပတ်သက်၍ သစ်မွှေးထွက်ပစ္စည်းများ၏ အမျိုးအမည်၊ ဒေသပေါက်ဈေးနှုန်းနှင့် အခွန်တော်နှုန်းတို့ကို အောက်ပါအတိုင်း သတ်မှတ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ဒေသပေါက် ဈေးနှုန်း (ကျပ်) | အခွန်တော် နှုန်း (ကျပ်) |
|---|---|---|---|---|
| ၁။ | သစ်မွှေးအပိုင်းအစ | (၁) ကီလိုဂရမ် | ၁၅၀၀၀၀ | ၁၅၀၀၀ |
| ၂။ | သစ်မွှေးပင်ထွက်အလေအလွင့် | -။- | ၃၀၀၀ | ၃၀၀ |
| ၃။ | သစ်မွှေးအပွင့် | -။- | ၃၅၀၀ | ၃၅၀ |
| ၄။ | သစ်မွှေးအရွက် | -။- | ၁၅၀၀ | ၁၅၀ |
| ၅။ | သစ်မွှေးအသီးခွံ | -။- | ၁၇၀၀ | ၁၇၀ |
| ၆။ | သစ်မွှေးအခြေခံလက်မှုပစ္စည်း | -။- | ၃၅၀၀၀ | ၃၅၀၀ |

**အမိန့်ကြော်ငြာစာအမှတ် (၂၅၉/၂၀၁၇)**

**မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှမြန်မာကျပ်ငွေဖြင့်ရောင်းချထားသော သစ်လုံး၊ သစ်ခွဲသားများမှထွက်ရှိသည့် သစ်ခွဲသား၊သစ်ပါးလွှာနှင့်အချောထည်များအား ပြည်ပတင်ပို့ခြင်း ကိစ္စနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၈/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၄ (၁)/ (၀၉) (EC)/(၄၄၆/၂၀၁၇) အရ **မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ မြန်မာကျပ်ငွေဖြင့်**

**ရောင်းချထားသော သစ်လုံး၊ သစ်ခွဲသားများမှ ခွဲစိတ်ထွက်ရှိသည့်သစ်ခွဲသား၊ သစ်ပါးလွှာနှင့်အချောထည်များ** အား ပြည်ပတင်ပို့ခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

(က) ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ မြန်မာကျပ်ငွေဖြင့်ရောင်းချမည့် သစ်လုံး/ခွဲသားများနှင့် ခွဲစိတ်ရာမှ ထွက်ရှိသည့်သစ်ခွဲသား၊ သစ်ပါးလွှာနှင့်အချောထည်များကို ပြည်ပသို့တင်ပို့ခွင့်မပြုရန်။

(ခ) ဖမ်းဆီးသစ်များနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါစာအမှတ်၊ (သစ်တော) ၄(၁)/၀၄ (ဃ) (၄)/ (၁၇၆၅/၂၀၁၆) ညွှန်ကြားချက်ပါအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်သွားရန်။

(ဂ) ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ မြန်မာကျပ်ငွေဖြင့် ရောင်းချထားသော သစ်လုံး၊ သစ်ခွဲသားများနှင့် ခွဲစိတ်ရာမှထွက်ရှိသည့် သစ်ခွဲသား၊ သစ်ပါးလွှာနှင့် အချောထည်များအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပြည်ပသို့ တင်ပို့ခွင့်ပြုရန်။

၂။ ယခင်သစ်တောဦးစီးဌာနမှထုတ်ပြန်ခဲ့သည့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၂၂/၂၀၁၆) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## မြန်မာ့သစ်လုပ်ငန်း

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်)

အမှတ် ၉၈ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၀/၂၀၁၇) ကြိမ်မြောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ စီမံကိန်းနှင့်စာရင်းအင်းဌာနမှ လက်ထောက်မန်နေဂျာ (စီမံကိန်း) ဦးဝင်းကြိုင် (ခ) ဦးလွှမ်းမိုး အား မန်နေဂျာ (စီမံကိန်း) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၉၉ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၀/၂၀၁၇) ကြိမ်မြောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ စီမံခန့်ခွဲရေးဌာနမှ မန်နေဂျာ (စီမံရေး) ဒေါ်ခင်မြသွေး အား လက်ထောက်အထွေထွေမန်နေဂျာ (စီမံရေး) လစာနှုန်း

(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၁၀၀ ။   ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၀/၂၀၁၇) ကြိမ်မြောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ စီမံခန့်ခွဲရေးဌာနမှ လက်ထောက်မန်နေဂျာ (စီမံရေး) ဒေါ်သန္တာအေး အား မန်နေဂျာ (စီမံရေး) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမိန့်အရ

မန်းဝင်းတင်၊
အထွေထွေမန်နေဂျာ (စီမံရေး)၊
မြန်မာ့သစ်လုပ်ငန်း။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၀၉၈/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၇) ကြိမ်မြောက်မှ သဘောတူဆုံးဖြတ်ချက်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၄/၂၀၁၇) တို့အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်း အား အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနတွင် ကျွမ်းကျင်သူအဖြစ် လစဉ် ချီးမြှင့်ငွေ (၂၅၀,၀၀၀/-) ဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ (၁) နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

၂။ ဦးအောင်ကျော်ထွန်း အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်မပြုဘဲ ငြင်းပယ်ခဲ့ခြင်းကြောင့် လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်စေခြင်းကြောင့် လည်းကောင်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ (၂၇၃) နည်းဥပဒေ (စ) တို့အရ ငြင်းပယ်ထားသော ကြိုတင်ပြင်ဆင်ခွင့်အတွက် ခွင့်လစာများကို တစ်လုံး တစ်ခဲတည်း ခံစားခွင့်ပြုလိုက်သည်။

ငွေအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်)

အမှတ် ၁ ။ ။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ဌာနတွင်းပြောင်းရွှေ့) ၂၀၁၇ (၃၀၁၄) အရ အောက်ဖော်ပြပါ အရာထမ်းများအား ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါရာထူးများအတိုင်း လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း/ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး/လစာနှုန်း/ဌာန |
|---|---|---|---|
| ၁ | ဦးကျော်ထွန်းနိုင် | ကထိက (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) စာရင်းအင်းပညာဌာန မုံရွာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၂ | ဒေါ်နုနုရီ | ကထိက (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) မော်လမြိုင်ပညာရေးကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး (လေ့ကျင့်ရေး) (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၃ | ဒေါ်သိန်းဌေး | အထက်တန်းကျောင်းအုပ် (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) မိုင်းခတ်မြို့ အခြေခံပညာဦးစီးဌာန | ဦးစီးအရာရှိ (ပညာသင်) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန |

ဒေါက်တာဝင်းထွန်း၊
ညွှန်ကြားရေးမှူးချုပ်။
ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမှတ် ၃ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) ၏ သဘောတူညီချက်အရ မန္တလေး

တက္ကသိုလ်၊ သမိုင်းဌာနမှ ပါမောက္ခ (ငြိမ်း) ဒေါက်တာစိုင်းနော်ခေး အား အဆိုပါဌာနတွင် (၁) ရက် လာရောက်သင်ကြားလျှင် ချီးမြှင့်ငွေ (၅,၀၀၀/-) နှုန်းဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ အချိန်ပိုင်း ပါမောက္ခအဖြစ် တတိယအကြိမ် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်)

အမှတ် ၄ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) ၏ သဘောတူညီချက်အရ မန္တလေးတက္ကသိုလ်၊ သမိုင်းဌာနမှ အောက်ဖော်ပြပါ အငြိမ်းစားဆရာများအား (၁) ရက်လာရောက်သင်ကြားလျှင် ချီးမြှင့်ငွေ (၅,၀၀၀/-) နှုန်းဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ အချိန်ပိုင်းပါမောက္ခများအဖြစ် (၁၄) ကြိမ်မြောက် (၁) နှစ် ဆက်လက် ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး၊ ဌာန** |
|---|---|---|
| ၁။ | ဒေါက်တာတိုးလှ | ဒုတိယဥက္ကဋ္ဌ (၂)၊ မြန်မာသမိုင်းအဖွဲ့ |
| ၂။ | ဒေါ်အုန်းကြည် (၂) | အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ |

## အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၂၅၂ ။ ။ ရန်ကုန်တက္ကသိုလ်၊ ကွန်ပျူတာသိပ္ပံပညာဌာနတွင် ရန်ကုန်တက္ကသိုလ်၊ သင်္ချာဌာနမှ ကထိက (နုတ်ထွက်) ဒေါက်တာစောဝင်းမောင် အား အချိန်ပိုင်းကထိကအဖြစ် (၁) ရက် လာရောက် သင်ကြားလျှင် ချီးမြှင့်ငွေ ၃,၀၀၀/- ဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ သတ္တမအကြိမ်မြောက် (၁) နှစ်ဆက်လက်ခန့်ထားလိုက်သည်။

မှတ်ချက် ။ ။ (၁) အမှန်တကယ် လာရောက်သင်ကြားရေးကို ပါမောက္ခချုပ်က တာဝန်ယူရန်၊

(၂) သတ်မှတ်ရက် လာရောက်ခြင်းအတွက် ချီးမြှင့်ငွေနှုန်း သတ်မှတ်ချီးမြှင့်ရာတွင် အချိန်ပိုင်းဆရာ (၁) ဦးသည် တက္ကသိုလ် (၁) ခုတွင် ဘာသာရပ် (၁) ခု၌ တာဝန်ထမ်းဆောင်ခြင်းအတွက် (၁) ရက်လာလျှင် အနည်းဆုံး (၂) ချိန် သင်ကြားရန်နှင့် ဘာသာရပ် (၁) ခုဖြစ်စေ၊ ဘာသာရပ် (၁) ခုထက်ပို၍ဖြစ်စေ တာဝန်ထမ်းဆောင်လျှင် (၁) လတွင် စုစုပေါင်း (၂၀) ရက်ထက်မပိုသော နှုန်းဖြင့် ခွင့်ပြုရန်ဖြစ်ပါသည်။

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်)

အမှတ် ၂၅၃ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) ၏ သဘောတူညီချက်အရ ထားဝယ်တက္ကသိုလ်၊ စီမံ/ဘဏ္ဍာဌာနမှ ဌာနမှူး ဒေါ်ခင်အေးထူး (ရ-၄၂၁၀) အား ၎င်း၏လျှောက်ထားချက်အရ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့စွဲပါ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၅) နိုင်ငံ့ဝန်ထမ်း ဥပဒေအပိုဒ်ခွဲ (၆၂/၆၄) ပါ ပြဋ္ဌာန်းချက်များအရ နှစ်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၂၅၄ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) ၌ သဘောတူညီချက်အရ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဓာတုဗေဒဌာနမှ ကထိက ဒေါ်သီတာလွင် (ရ-၃၈၁၀) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပုဒ်မ ၂၃၃၊ ပုဒ်မခွဲ (ခ) အရ တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ နှစ်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၂၅၅ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) မှ သဘောတူညီချက်အရ တောင်ကုတ်ဒီဂရီကောလိပ်၊ သင်္ချာဌာနမှ ကထိက ဒေါ်ယဉ်ယဉ်ထွန်း အား ၎င်း၏ လျှောက်ထားချက်အရ တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

အမှတ် ၂၅၆ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) ၌ သဘောတူညီချက်အရ ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာခန့်ခန့်ချော အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ပုဒ်မ (၂၃၃)၊ ပုဒ်မခွဲ (ခ) အရ တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ နှစ်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၂၅၈ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) အစီအစဉ် (၈) ဖြင့် သဘောတူညီချက်အရ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါက်တာစုစုခိုင် အား ၎င်း၏လျှောက်ထားချက်အရ ၂၀၁၇ ခုနှစ်၊ ဇွန် ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃/ခ) ပြဋ္ဌာန်းချက်များအရ နှစ်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၂၅၉ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၇) သဘောတူညီချက်အရ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အီတာလျံဘာသာဌာနတွင် ပြင်သစ်ဘာသာဌာနမှ ပါမောက္ခ (နုတ်ထွက်) ဒေါ်ခင်မေဝင်း အား အချိန်ပိုင်းပါမောက္ခအဖြစ် (၁) ရက် လာရောက်သင်ကြားလျှင် ချီးမြှင့်ငွေ ၅,၀၀၀/-နှုန်းဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ တတိယအကြိမ် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်)

အမှတ် ၂၆၂ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) ၏ သဘောတူညီချက်အရ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနမှ သုတေသနအရာရှိ ဒေါက်တာသီတာလွင် (ရ-၅၀၈၆) အား ၎င်း၏ လျှောက်ထားချက်အရ တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

အမှတ် ၂၆၃ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) မှ သဘောတူညီချက်အရ မြိတ်တက္ကသိုလ်၊ ဘူမိဗေဒဌာနမှ၊ ကထိက ဒေါ်ချိုချိုခိုင် (ရ-၁၂၃၄၂) အား ၎င်း၏ လျှောက်ထားချက်အရ တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

ဒေါက်တာသိန်းဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အဆင့်မြင့်ပညာဦးစီးဌာန။

## မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

အမှတ် ၂ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၅/၂၀၁၇) အစီအစဉ် (၇၆) ၏ သဘောတူညီချက်အရ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာဌာနခွဲမှ အောက်ဖော်ပြပါ လက်ထောက်စာတည်း လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) များကို စာတည်း လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိရာထူး** | **တိုးမြှင့်ခန့်ထားသည့်ရာထူး** |
|---|---|---|---|
| ၁ | ဒေါ်မျိုးမျိုးဆန်း | လက်ထောက်စာတည်း | စာတည်း |
| ၂ | ဒေါ်မိုးမိုးစန်း | လက်ထောက်စာတည်း | စာတည်း |
| ၃ | ဒေါ်ဥမ္မာကျော် | လက်ထောက်စာတည်း | စာတည်း |

ဒေါက်တာဇော်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန။

## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

အမှတ် ၁ ။ ။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့စွဲပါ စာအမှတ်-၃ မက (က) ၂၀၁၆ (၈၉) အရ၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (လူ့စွမ်းအားအရင်းအမြစ်) ဒေါက်တာတင်ထွန်း (ဆမ-၁၄၄၅၁) အား ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားပါသဖြင့် ညွှန်ကြားရေးမှူး (လူ့စွမ်းအားအရင်းအမြစ်) ၏ တာဝန်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် စွန့်လွှတ်ခွင့်ပြုပြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (သင်ကြားရေး) ၏ တာဝန်များကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ပါမောက္ခဒေါက်တာခွဲ့နွဲ့ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန။

## ကုသရေးဦးစီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၅ ရက် )

အမှတ် ၁ ။ ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ပြည်သူ့ဆေးရုံကြီးမှ သူနာပြုအုပ် ဒေါ်ထွေးကြည်အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

အမှတ် ၂ ။ ။ ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက် )

အမှတ် ၃ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့၊ ပြည်သူ့ဆေးရုံမှ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်တင် (ဆမ-၁၀၃၇၈) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှစတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၄ ။ ။ ကုသရေးဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ဝထရ-၄/သပ-၁ဃ/၁၆-၈၅ ဖြင့် ထုတ်ပြန်ခဲ့သောအမိန့်စာကို ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

ပါမောက္ခဒေါက်တာမြင့်ဟန်၊
ညွှန်ကြားရေးမှူးချုပ်၊
ကုသရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက် ( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**အောင်တက်ခေတ် ကုမ္ပဏီလီမိတက်**

**(Aung Tet Khit Company Limited)**

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **အောင်တက်ခေတ် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၉-၆-၂၀၁၇) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ၊ **(B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၉-၇-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်သိန်းသိန်းကြူ
မန်နေးဂျင်းဒါရိုက်တာ
အောင်တက်ခေတ် ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ကိုယ်စား

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**ရှမ်းရိုးမ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

**(SHAN YOMA CONSTRUCTION CO., LTD.)**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရှမ်းရိုးမ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (SHAN YOMA CONSTRUCTION CO.,LTD.)** အား (၃၀-၆-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဒေါ်စန္ဒာအေး (ဘီကွမ်း၊ စီပီအေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၃၀-၆-၂၀၁၇) ရက်နေ့တွင် ခန့်အပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၃၀-၇-၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်ပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Moe Sun Aung | ဒေါ်စန္ဒာအေး |
| Managing Director | (B.Com, C.P.A No-1065/524) |
| Shan Yoma Construction Co.,Ltd. | အမှတ်-(၂၃)၊ အခန်း-၃၀၂ ဘီ (ဘလောက်)၊ |
| | အင်ကြင်းလမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ |
| | ဒဂုံဆိပ်ကမ်းမြို့။ |

**ဇွဲထက်လွင် ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်းကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | ။ ။ | ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | ။ ။ | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ။ ။ | ကုမ္ပဏီရုံးခန်း |

ဒေါ်ညွန့်မေ

(B.Com, C.P.A)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**ဗဟိုဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်**

**(CENTRAL DEVELOPMENT CO.,LTD.)**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဗဟိုဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် (CENTRAL DEVELOPMENT CO.,LTD.)** အား (၃၀-၆-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဒေါ်စန္ဒာအေး (ဘီကွမ်း၊ စီပီအေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၃၀-၆-၂၀၁၇) ရက်နေ့တွင် ခန့်အပ်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်ပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Nang Lang Kham
Managing Director
Central Development Co.,Ltd.

ဒေါ်စန္ဒာအေး
(B.Com, C.P.A No-1065/524)
အမှတ်-(၂၃)၊ အခန်း-၃၀၂ ဘီ (ဘလောက်)၊
အင်ကြင်းလမ်း၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့။

**ယွမ်ဘောင်း ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်းကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | ။ ။ | ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | ။ ။ | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ။ ။ | ကုမ္ပဏီရုံးခန်း |

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**ဘက်(စ်) ပရိုက်(စ်) ကုမ္ပဏီလီမိတက်**

**(Best Prize Company Limited)**

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဘက်(စ်) ပရိုက်(စ်) ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၉-၅-၂၀၁၇) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းရေးအရာရှိအဖြစ် ဒေါ်စန္ဒာအေး၊ (B.Com, C.P.A)၊ အမှတ် (၂၃)၊ အခန်း (၃၀၂)၊ အင်ကြင်းလမ်း၊ (၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၉-၆-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးကျော်ဇေယျာအောင်
မန်နေးဂျင်းဒါရိုက်တာ
ဘက်(စ်) ပရိုက်(စ်) ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်စန္ဒာအေး
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၉-၄၂၀၀၆၃၄၉၀။

**ရွှေအိမ်စည် ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်းကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | ။ ။ | ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | ။ ။ | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ။ ။ | ကုမ္ပဏီရုံးခန်း |

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ရတနာရောင်ခြည် ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်းကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက်　။　။　၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်

အစည်းအဝေးကျင်းပမည့်အချိန်　။　။　နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ　။　။　ကုမ္ပဏီရုံးခန်း

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

## အပြည်ပြည်ဆိုင်ရာ စွမ်းအားမြှင့် အချက်အလက် ဗဟိုဌာန ကုမ္ပဏီလီမိတက်

## (INTERNATIONAL DYNAMIC DATA CENTER CO.,LTD.)

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အပြည်ပြည်ဆိုင်ရာ စွမ်းအားမြှင့် အချက်အလက် ဗဟိုဌာန ကုမ္ပဏီလီမိတက် (INTERNATIONAL DYNAMIC DATA CENTER CO.,LTD.)** အား (၃၀-၆-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဒေါ်စန္ဒာအေး (ဘီကွမ်း၊ စီပီအေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၃၀-၆-၂၀၁၇) ရက်နေ့တွင် ခန့်အပ်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်ပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Nang Lang Kham
Managing Director
International Dynamic Data Center Co.,Ltd.

ဒေါ်စန္ဒာအေး
(B.Com, C.P.A No-1065/524)
အမှတ်-(၂၃)၊ အခန်း-၃၀၂ ဘီ (ဘလောက်)၊
အင်ကြင်းလမ်း၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ (င) အရ ကြေညာစာ

**ဂရင်းဟေး အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်**

**(Green Hill Engineering Company Limited)**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ်-(၇/၂၄)၊ (၄) လွှာ၊ လမ်းသစ်ရိပ်သာလမ်း၊ အမှတ်-(၁၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များရှင်းပြရန်၊

မီမီကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**Pursuant of Section 206 (1) of the Myanmar Companies Act**

**In the matter of the Myanmar Companies Act and**

**True Vistas Company Limited (Myanmar Branch Office)**

**(In members' Voluntary Liquidation with the consent of the Head Office)**

According to this Special Resolution by the management of Myanmar Branch held on 8th May, 2017 at meeting room, No.18 True Tower Ratchadapisek Road, Huaykwang, Bangkok, it is decided that Myanmar Branch Office be place into voluntary liquidation for carrying out of such liquidation, U Kyaw Swa Myint, Attorney at Law (Reg. No.7266) was appointed as liquidator.

We hereby announce that any person who have debts and liabilities to this company should claim or pay them from/to the liquidator by 30th July,2017 at the latest.

Mr. Khaing Win
Chief Representative on behalf of
True Vistas Company Limited
(Myanmar Branch Office)
No.12 (D), Kabaraye Pagoda Road, 8 Miles,
Mayangone Township, Yangon.

U Kyaw Swa Myint
Liquidator
Building (10/12), Room (201), 35th Lower Block,
Kyauktada Township, Yangon.

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၃၀-၆-၂၀၁၇။